၅။ သာသနာတော်၏ အကျိုးစီးပွား, သင်္ဃဝါ ဝေနေယျ အပေါင်းတို့၏ အကျိုးစီးပွား, ပါရမီသမ္ဘာရ အကျိုး စီးပွားများ ဆောင်ရွက်နိုင်ရန်။

အထက်ပေါ်ပြပါ အချက်များကို အခြေခံပြီးလျှင် အာနာပါန ကမ္မဋ္ဌာန်းကိုအားထုတ်ရပါသည်၊ ရှေးဘုရားထောင်း သူတော်ကောင်း အပေါင်းတို့သည်လည်း အမြဲလက်ကိုင်ထား၍ အားထားသောတရား၊ ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်၏ စောင်းတန်း ဆာတွယ် အထောက်အထားပြုသော တရားဖြစ်လေသဖြင့် ပါရမီရှင်တိုင်းတို့သည် နေ့စဉ် အားထုတ်ကြပါထေ။

၃။ အာနာပါနဒီ၏ အကျိုး ၇-ပါး။

၁။ မျက်မှောက်သော ဘဝ၌ အရဟတ္တဖိုလ်ကို ပြီးစေနိုင်ခြင်း။

၂။ ထိုသို့မပြီးသော် သေခါနီးဒုခါ၌ ပြီးစေနိုင်ခြင်း။

၃။ ထိုသို့မပြီးနိုင်သော် အနာဂါမဖိုလ်ဖြစ်ပေါ်ရန်ဖြစ်သော ပဓာနပုဂ္ဂိုလ် လွန်ပြီးနောက် အကဒုဋ္ဌ ဇြိဟ္မဉ့်ဘုံသို့ မရောက်မီ ဘုံအတွင်း၌ ပရိနိဗ္ဗာန်ပြုနိုင်ခြင်း။

၄။ ဥပဟစ္စ ပရိနိဗ္ဗာယီဟု ဆိုအပ်သော အကနိဋ္ဌဘုံသို့ ရောက်မှ ပရိနိဗ္ဗာန်ပြုခြင်း။

၅။ အာသင်္ခါရပရိနိဗ္ဗာယီဟု ဆိုအပ်သော ဆင်းရဲငြိုငြင်စွာ အားမထုတ်ရဘဲ နိဗ္ဗာန်ကိုရခြင်း။

၆။ သသင်္ခါရ ပရိနိဗ္ဗာယီဟု ဆိုအပ်သော လွန်စွာအား ထုတ်မှ နိဗ္ဗာန်ကိုရခြင်း။

၈၂ အာရိယာဝိဇ္ဇာ ပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

၇။ ဥဒ္ဓံသောတ အာကနိဋ္ဌဂါမိဟု ဆိုအပ်သော အာကနိဋ္ဌဘုံ သို့ရောက်အောင် ဘုံစဉ်စံခါ နိဗ္ဗာန်သို့ဝင်ရခြင်း။

ထို ၇-ပါးသော အကျိုးတရားများကို ပြီးစေနိုင်ကြောင်းကို ပါဠိတော်တွင် ထင်ရှားစွာ ဟောထားခဲ့လေသည်၊ သမထ ၄၀-တို့တွင်လည်း မြတ်စွာဘုရားသည် ချီးမွမ်းတော် မူသော ကမ္မဋ္ဌာန်း ဖြစ်လေသည်။

၄။ ထိုဗုတပါးသော တက်စဉ်သည်ကား။

၁။ အာနာပါန သမာဓိကို ပွားစေသော သူသည် ဆတိ ပဋ္ဌာနိတရား ၄-ပါးကို ပြီးစေနိုင်၏။

၂။ ထို သတိပဋ္ဌာန်တရား ၄-ပါးကို ပွားစေသည် ဂို့ဆော် ဗောဇ္ဈင်(၇)ပါးကို ပြည့်စုံစေနိုင်ကုန်၏။

၃။ ထိုသို့ ဗောဇ္ဈင် (၇) ပါးကို ပွားများ စေသည်ဂို့ဆော် ဝိဇ္ဇာ ၃-ပါး၊ ဝိဇ္ဇာ ၈-ပါး အာရဟတ္တဖိုလ်ကိုပြီးစေနိုင်၏။

အထက်ပါ ၃-ဆင့်ကို ဆင့်ကဲဆင့်ကဲ တက်ကျင့် ပြည့်စုံစေ သဖြင့် မဂ္ဂင် ၈-ပါး၊ သစ္စာ ၄-ပါးကို မျက်မှောက် ပြုရမည် သဘောသည်း၊ သို့ဖြစ်၍ ယောဂီ ပါရမီရှင်တို့သည် အောက်ဖေါ်ပြပါ အာနာပါန ကမ္မဋ္ဌာန်းတရားကို ကျင့်ကုန်ကြသည်။

၅။ အာဒီးထုတ်နည်း နိဿယည်း။

ကမ္မဋ္ဌာန်း တောင်းခြင်းစသော ပြုဘွယ်တို့ကို အလုံးစုံ ထုံးတမ်းစဉ်လာအတိုင်းပင် ပြုရပါ၏သည်၊ အောက်တွင် အာဒီးထုတ်သော အင်္ဂါများကို ဖေါ်ပြပါမည်။

၁။ စိတ်ကို နှာသီးဝဲ၌ မြဲစွာထိုက်၍ထားပါ။

၂။ မူလဂိုးဂိုး ဂ္ဂဂိုးဂ္ဂစဉ်လေထက် အာနည်းငယ် ပြင်းပေးပါ၊ အာနည်းငယ် ဂ္ဂရှည်ပေးပါ။

၃။ မပြောင်းလွန်းပါနှင့် မပြော့လွန်းပါနှင့်။

၄။ မတိုလွန်းပါနှင့် မရှည်လွန်းပါနှင့်။

၅။ ထွက်လေနှင့် ဝင်လေသည် အတိုအရှည် အပြောင်းအပြော့ ညီမျှပါစေ။

၆။ အပြောင်ထွက်၍လည်း မလိုက်ပါနှင့်၊ အတွင်းဝင်၍လည်း မလိုက်ပါနှင့်။

၇။ ဘာမှ မတွေး မကြံရပါ၊ မအောက်မေ့ရပါ။

၈။ တစုံတရာ ရွတ်ဆိုခြင်းလည်း မပြုရပါ။

၉။ ထွက်လေမှစ၍ နှာသီးဝနှင့် တိုက်ထိမှုကို (သိ) ရပါမည်။

အချုပ်မှာ။ ။ယောဂိ၏နှာသီးဝ၌ ထွက်လေ ဝင်လေတို့ တိုက်ထိမှု သမျှတို့ကို သိ၍ နေရပါမည်။

မသိဘဲလျက် သတိမပါဘဲလျက် မထွက်စေရ၊ မဝင်စေရပါ၊ အထက်ပါ (၉) ချက်သော အာဂါကို ညီစေ၍ အားထုတ်ပါ။

၆။ အထူးမှာ။ ။ထွက်လေနှင့် ဝင်လေ အကြားတွင် လေချင်း မစင်ဆက်စေဘဲ ခေတ္တ ဖြတ်ရပ်ပေးရမည်၊ ခြားပေးရမည်၊ ဗိုလ် ၅-ပါးကို လက်ကိုင်ထား၍ အားထုတ်ရပါမည်။

၇။ ထိုမှတပါးသော အင်္ဂါများ။

၁။ အာနာပါန ကမ္မဋ္ဌာန်းသည် သမထတရားဖြစ်၍ အမှိုင် တရား အမြဲတရားဖြစ်၍ စိတ်နှင့်ကိုယ်ကို ထက်သန်စွာ ထား၍ အားထုတ်ပါ။

၂။ သမထတရားဖြစ်၍ ဝိပဿနာဘရား ဝင်မနှောပါစေနှင့်။

၈၄ အဓိဋ္ဌာပဒိုပါတ် ဓာတ်တော်စဉ်ကျမ်း။

၃- သက်ဆိုင်ရာပေါ်သော နိဒါတ်တို့ကို မြွေအောင် တည်အောင် အားထုတ်ရပါမည်။

၄။ မဆက်ဆိုင်သော နိဒါတ်တို့ကို စွန့်ရပါမည်။

၅။ တမင်လုပ်ကြံ၍၎င်း၊ ဆင်ကြံ၍၎င်း၊ မပြုရပါ။

၆။ ခန္ဓာစဉ်ကို သဘာဝအတိုင်းသာ ထားရမည်၊ တောင့်မထားငိုစေရ။

၇။ ကိုယ်အင်္ဂါမှ၍ လျစ်လျူ။ ရှုရပါမည်၊ ခန္ဓာကိုယ်ကို မသိပါနှင့်။

အထက်ပေါ်ပြပါ အင်္ဂါ (၇) ပါးတို့ဖြင့်လည်း အားထုတ်ပါ။

၈။ အထူးမှာထားလိုသည်မှာ ယောဂိပုဂ္ဂိုလ်သည် အထက်ပေါ်ပြပါ နိဿယညွှန်းအတိုင်း အားထုတ်ပါသော်လည်း အာကယ်၌ လေသည်ပြော့သည်ဖြစ်၍ ထိခြင်းကို မသိပါမှုကား တို၍ ခပြင်းပြင်း ရှုရပါမည်။

ယောဂိပုဂ္ဂိုလ်၏ ထွက်လေ ဝင်လေ တိုက်ခိုက်မိသည်ကို သိမှုပြုနိုင်သည်အထိ လေကိုမိမိသဘောဖြင့် ပြင်း၌ပြင်း၍လည်း ရှုနိုင်ပါသည်၊ သို့သော် မည်သို့ပင် လေထိသည်ကို မသိမှတ်နိုင်ဆိုသော်လည်း (လေကို ပြင်းလွန်းစွာ ရှုရှိုက်ခြင်း မပြုရပါ)။ အာလွန်သတိုးပါမှ မ ဖြ သိပါလတ္တံ့။

၉။ ပဝတ္တိုင်္ဂမနည်း ဒုတိယနိဿယဆည်း။

ယောဂိပုဂ္ဂိုလ်၏ နှာခေါင်းကို မျက်စိမှင့်လျက် မျက်ဆံကို နှောက်သို့ချပြီး ကြည့်လျှင် ယောဂိ၏ နှာခေါင်းကို မြင်းရတိသကဲ့သို့ ယောဂိပုဂ္ဂိုလ်သည် မျက်စိ ဒိတ်ထားပါသော်လည်း မျက်ဆံကို အနည်းငယ် အောက်သို့စိုက်ပြီး နှာသီးဝကိုကြည့်ရင်း စိတ်ပါစိုက်၍ အားထုတ်ပါမှ သမာဓိကို လျင်စွာ ရတတ်ပါ

သည်၊ ထွက်လေ ဝင်လေတို့ ထိမှုကိုလည်း သိမြင်လွယ်၍ နိဒ္ဒိတ်ကို လျင်စွာ ရစေနိုင်ပါသည်။

၁၀။ အာနာပါနနိဒ္ဒိတ် ၁၂-ပါး။

၁။ ထွက်လေ ဝင်လေတို့သည် အရိုးတွေကဲ့သို့ ထင်လာခြင်း။

၂။ လေသည် အကျစ် အမာကဲ့သို့ အဆောင်းလိုက်ကြိုးဖြစ်၍ ထင်လာခြင်း။

၃။ ဖြူဖြူမွေးမွေးပြောင်စွာ မီးခိုးငွေ့များ ကဲ့သို့ ထင်လာခြင်း။

၄။ နှာသီးဝတွင် ငွမ်းတွေ အဆင်လိုက် အဆင်လိုက် ဆင့်ကဲဆင့်ကဲ တိုး၍တိုး၍ ထင်လာခြင်း၊ အစုလိုက်ကြိုးကဲ့သို့ ထင်လာခြင်း။

၅။ ဒူးဖြူခိုးငွေ့တွေထဲဘွင် ဤချည် ငွေချည်မှန့် ကလေးတွေ အများပါဝင်သကဲ့သို့ လက်လက် လက်လက်နှင့် မြင်ထင်ရခြင်း။

၆။ ဖြူဖြူ အရိုးတွေထဲမှ မီးပန်းများကဲ့သို့ ပွားပွား ပွားပွားနှင့် လင်းလက်၍ နေခြင်းကို မြင်ရခြင်း။

၇။ ပုလဲလုံးငယ်ကဲ့သို့၊ သို့မဟုတ် ပုလဲလုံး ကြီးကြီးကဲ့သို့ တရုတည်း လေနှင့်အတူရောခါ ဝင်လိုက် ထွက်လိုက် မြင်ရခြင်း။

၈။ ပုလဲသွယ်တန်းကြီးကဲ့သို့ အလင်းရောင်များနှင့် တကွ ဝင်လိုက် ထွက်လိုက် မြင်နေရခြင်း။

၉။ နှာသီးဝမှ အပြင်သို့ တောင်ဆုပ် တတောင်ခန့်, အတွင်းဘက်သို့ လည်ချောင်းတိုင်အောင် လေများ ဝင်ထွက်နေသည်ကို မြင်ရခြင်း။

၁၀။ အတွင်းဘက်သို့ လေသည် အလင်းရောင်နှင့် တကွ ချက်အထိ ဝမ်းတွင်းသို့ ဝင်သွားခါ လင်းနေသည်ကို မြင်ရခြင်း။ (ဝမ်းတွင်း၌ အလုံးစုံ မြင်ရသည်)။

၁၁။ လေကို မမြင်ရဘဲ ထိန်လင်းသော အာလင်းရောင်များ နီးကပ်စွာ မြင်နေရခြင်း၊ အာလင်းဓာတ်ကို တွေ့မြင်ရခြင်း။

၁၂။ ယောဂီ၏ မျက်နှာရှေ့၌ စကောလောက် လှည်းဘီး လောက် ပြည်တောင်းလောက် ထန်းသီးမှည့်ခန့် စသည့် အရွယ် အစားစား၌ ဝန်းစိုင်းသော အာလင်းဓာတ်ကြီး ကို ငြိမ်သက်၍ရင်း၊ လှည့်ပတ်လည်နေ၍ရင်း၊ မငြိမ်မ သက်ရင်း၊ အနားနေး ဆက်တန့်ရောင်ကဲ့သို့ အကွပ်ရှိ ၍ရင်း၊ မရှိ၍ရင်း နိမိတ် အာလင်းရောင် အလုံး အဝန်းကို မြင်ရခြင်း။

၁၃။ ယောဂီပုဂ္ဂိုလ်သည် အထက်ပါ နိမိတ် ၁၂-ပါးတို့တွင် အကျုံးဝင်သော တပါးပါးသော နိမိတ်ကို သော်ရင်း၊ အလားတူ တစုံတခုသော နိမိတ်လက္ခဏာကိုသော်ရင်း၊ တွေ့မြင်ရှုခြင်း သည်နိမိတ်မှန်ဖြစ်လေသည်။ထိုနိမိတ်မှန်ကို မြဲအောင်တည်အောင် အာရုံစိုက်ခါ အားထုတ်ရပါသည်။ ထိုနိမိတ်မှစ၍ နိမိတ်မှန် သောကမမ္မဋ္ဌာန်း အာထွတ်အထိပ်အထိ နောင်ရောက်ရှိပါလိမ့်မည်။ ပေါ်သောနိမိတ်ကို မြဲအောင် အားထုတ်ပါ အခြားနိမိတ်များ ကူးပြောင်းသွားသော်လည်း နိမိတ်မှန်ပါက မြဲအောင် ဖြူရမည် သာ ဖြစ်ပါသည်။

၁၄။ အာနာပါန၏ သမာဓိ စွမ်းအားသတ္တိသည် အလွန်ကြီး ကျယ်လှသဖြင့် ဤ စကြဝဠာ အတွင်းခွ် ရှိရှိသမျှသော တော-တောင်-ရေ မြေ- သမုဒ္ဒရာ သတ္တဝါ အကောင်မျိုးစုံ၊ မြစ်ချောင်း ကန်မှစ၍ အထူးထူးသော ရတနာများ၊ အကောင်သတ္တဝါများ၊ ဗိမာန် အမျိုးမျိုးများ၊ မကြား မမြင်ဘူးသော အထူးထူးသော အရာ ဝတ္ထုများကိုလည်း မြင်တွေ့ရတတ်ပါသည်၊ ထိုနိမိတ်တို့ကား ကမမ္ဋ္ဌာန်း၌၊ အကျုံးမဝင်းသော်လည်း တကယ်ပင်ရှိသော ကြောင့် သမာဓိ၏ အစွမ်းသတ္တိဖြင့်မြင်ရခြင်း သမာဓိသိလက္ခဏာ အမှီပြု၍ နတ်ဝိဇ္ဇာများတို့က ပြခဲ့ခြင်းသာ ဖြစ်တတ်လေသည်၊ ထိုထို အာရုံတို့၌ မဝင်စားပါလေနှင့်။

၁၃။ ၍ စကြဝဠာမှထင်း။ အခြားသော စကြာဝဠာမှထင်း၊ တကယ်မဂ္ဂိဘဲလျက်လည်းကောင်း၊ တကယ်ဂ္ဂိဟ်သောကြောင့်လည်းကောင်း၊ အတိတ်ဘဝများ၏ အခြင်းအရာ များစွာတို့ကိုထင်း ထင်ဖြင်တတ်ပါသေးသည်၊ ထိုထိုအာရုံတို့ကား ကမ္မဋ္ဌာန်းဥ် အာကျုံးဝင်သော နိဒ်ိတ်များမဟုတ်၍ မယူအပ်ကုန်။

၁၄။ တန်ခိုးကြီးသော မကြီးသော နတ်များ ဝိဇ္ဇာရိုရ်များ ဗိမိန့်င့် ဆွမျိုးတော်ခဲ့ဘူးသော ပုဂ္ဂိုလ်များတို့ကိုထင်း၊ တရား အားထုတ်ခြင်းဥ် နှစ်ခြိုက်သော နတ်များတို့ကိုထင်း၊ တွေ့ရတတ်လေသည်၊ အချို့က အားပေးစကားပြောခြင်း နှစ်ခြိုက်ဟန် ပြခြင်း၊ အချို့က ထိတ်လန့်အောင်ပြုခြင်း၊ အချို့ကပစ္စည်းဝတ္ထု တို့ဖြင့်ထင်း၊ ဆေးစသော ဂန္ဓာရိတို့ဖြင့်ထင်း၊ ပြဿနာပေးခြင်း များလည်း တွေ့ရတတ်ပါသည်၊ ထိုအာရုံတို့သည်လည်း ကမ္မ ဋ္ဌာန်းဥ် အာကျုံးမဝင်၍ ပယ်ရပါမည်။

၁၅။ နဂါး ဂဠုန် ကုမ္ဘဏ် ယက္ခ ဘီလူး တစ္ဆေ ဖြေဘုတ် ကျတ် သူရဲ စသော နာနာဘာဝ အမျိုးမျိုးတို့ကိုလည်း တွေ့ရ တတ်ပါသည်၊ အာရုံမှပယ်၍ ကိုယ့်အလုပ်သာ ကိုယ်လုပ်ရပါ မည်။

၁၆။ ယောဂိပုဂ္ဂိုလ်သည် အာနာပါနသမာဓိ၏ အစွမ်းဖြင့် ယခုဖေါ်ပြခဲ့သော အာရုံနိဒ်ိတ် အမျိုးမျိုးတို့ကို အကျဉ်းမျှသာ ဖေါ်ပြပါသည်၊ ထိုနိဒ်ိတ်တို့အပြင် အံ့သြဘွယ် ကောင်းသော ဇာတ်ထူးတမျှသော ဇာတ်လမ်းများလည်း ယခုဒေတ် ရုပ်ရှင် ကြည့်ရဒိသကဲ့သို့ ရှည်လျားစွာ များပြားစွာတွေ့လည်း တွေ့ ရတတ်ပါသည်၊ ထိုထိုသို့သော အာရုံတို့၌ လိုက်စားခြင်းမပြုဘဲ နှစ်သက်ဘွယ်တို့၌ မနှစ်သက်ဘဲထင်း၊ မနှစ်မြို့ဘွယ်ဘို့၌ တွန့် ဆုတ်ခြင်းထင်း၊ ထိတ်လန့်ဘွယ်တို့၌ ထိတ်လန့်ခြင်းမပြုမူ၍ ထိုထို သို့သော ပုဂ္ဂိုလ်များတို့က ပြောဆိုပြဿ နာသမျှတို့ကို မလိုက်

၈၈ အာရိယာဝိဇ္ဇာ ပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

မူရင် ယောဂိ၏ ကမ္မဋ္ဌာန်းအာလုပ်ကိုသာ ဆက်လက် စိတ်ဝင်စား အာဃာတ်ပါရမည်၊ ထိုထိုသို့သော အာရုံတို့ကိုသာ မွေ့လျော်နေ လိုက်စားနေပါက မိမိ၏ ကမ္မဋ္ဌာန်းအာလုပ်၌ ထိုခိုက်ကြန့် ကြာတတ်ပါသောကြောင့် ယခုကဲ့သို့ ကြိုတင်ဖော်ပြခြင်းဖြစ်ပါ သည်၊ ကိုယ့်ကမ္မဋ္ဌာန်းအာလုပ်သာ ကိုယ်လုပ်ပါလေ။

၁၇။ ယခုအခါတွင် ယောဂိပုဂ္ဂိုလ်သည် အာနာပါနဿတိ ကမ္မ ဋ္ဌာန်း၏ နောက်ဆုံး ရောက်အောင် အာဃာတ်ရမည့် နိမိတ်မှန် ကို ဖော်ပြပါမည်။

ယောဂိပုဂ္ဂိုလ်၏ နှာသီးဝမှ ရှေ့တည့်တည့် တောင် ဆုပ်ခန့်အကွာတွင် ဂုံညှင်းလုံးခန့်သာသာရှိ၍ ငြိမ်သက် သော ဝင်းပြောင်သော နိမိတ်လုံးသည် မပျောက်မကွယ် ဘဲ တည်မြဲနေပါမူကား အာနာပါနဿတိ၏ အာထွတ်အထိတ်သို့ ရောက်ပြီ။

အချို့ ထိုထက်လည်း နိုးတတ်ပါသေးသည်။ အချို့မငြိမ်သက် ပါ၊ အချို့မှာ နိမိတ်လုံးခွဲ အကွပ်အကွပ် ချောင်ခြည်တန်းများ သက်တန့်ရောင် ပါတတ်ပါသည်၊ အချို့ မပါပါ၊ ထိုနိမိတ်လုံးကို ငြိမ်မြဲရမည်။

၁၈။ နိဒါန် ၃-ပါး။

၁။ လေတို့သည် နှာသီးဝ၌ ထိသမျှကို သိနေခြင်း ဖြင့်နေ ခြင်းသည် ပရိကမ္မနိမိတ်မည်၏။ ထိုနိမိတ်ကို မြဲအောင် အားထုတ်ပါ။

၂။ ထိုနိမိတ်မှငြိမ်သက်၍ အာထင်းရောင် ထွက်လာခြင်းသည် ဥဂ္ဂဟနိမိတ် မည်၏၊ ထိုဥဂ္ဂဟနိမိတ်ကို မြဲအောင်အား ထုတ်ပါ။

၃။ ထိုနိမိတ်လုံးသည် ငြိမ်သက်လာခြင်း အာလင်းရောင်သွန်း လင်းလာခြင်း မပျောက်မကွယ် တည်မြဲလာခြင်းသည် ပဒိုဘာဂ နိမိတ်မည်၏။။

အထက်ပေါ်ပြပါ နိမိတ် ၃-ပါးတို့ အစဉ်ဖြစ်အောင် ကြိုးစား၍တက်ပါ။

၁၉။ သေကျာနည်း ၇-ပါး။

အာနာပါန ကမ္မဋ္ဌာန်းတွင် ပဋ္ဌမစျာန်သမာဓိ၊ အပ္ပနာသမာဓိ၊ ဥကဂ္ဂတာသမာဓိ ဥပစာရသမာဓိ စသည်ဖြင့် သမာဓိတရားတို့ သို့လည်း ဆိုက်ပါသည်၊ ထို သမာဓိတရားတို့မှာပါး ယောဂီပုဂ္ဂိုလ်သည် အကြင်အခါ၌ ထွက်လေဝင်လေသည် လွန်စွာသိမ်မွေ့ခြင်းသို့ ရောက်သည်ဖြစ်၍ ထင်ခြင်းသို့ မရောက်၊ ထိုအခါ အောက်ပါအတိုင်း ဆင်ခြင်ပါလေ။

၁။ ရေနစ်မွန်းသော သူအား ထွက်လေ ဝင်လေသည် မဖြစ်၊ ငါသည် ရေနစ်သူသည်း မဟုတ်။

၂။ နှဖျားဝမ်းတွင်း၌ ကိန်းအောင်းသော သူအား ထွက်လေ ဝင်လေသည် မဖြစ်၊ ငါသည် အာဝမ်းအတွင်း၌ ကိန်းအောင်းသူလည်း မဟုတ်။

၃။ သေပြီးသောသူအား ထွက်လေ ဝင်လေသည် မဖြစ်၊ ငါသည် သေပြီးသောသူလည်း မဟုတ်။

၄။ အာသည္ဉာဏ်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်အား ထွက်လေ ဝင်လေသည် မဖြစ်၊ ငါသည် အာသည္ဉာဏ်ဘုံ၌ ဖြစ်သော ပုဂ္ဂိုလ်ထည်း မဟုတ်။

၅။ စတုတ္ထဈာန် ဝင်စားသောပုဂ္ဂိုလ်အား ထွက်လေ ဝင်လေသည် မဖြစ်၊ ငါသည် စတုတ္ထဈာန် ဝင်စားသော ပုဂ္ဂိုလ်လည်း မဟုတ်။

၆။ ရူပဘဝ အာရုပဘဝတို့နှင့် ပြည့်စုံသော ဗြဟ္မာတို့အား ထွက်ထေ ဝင်ထေသည် မဖြစ်၊ ငါသည် ရူပဗြဟ္မာ အာရုပဗြဟ္မာလည်း မဟုတ်။

၇။ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်အား ထွက်လေ ဝင်လေသည် မဖြစ်၊ ငါသည် နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်ထည်း မဟုတ်။

၂၀၊ ယောဂီပုဂ္ဂိုလ်သည် လေဆိတ်နေခဲ့သော် တစုံတရာမှ တုန်လှုပ်ဘွယ် မဟုတ်ပေ ဖြစ်တတ်လေသည်၊ ဖြစ်တတ်သော သဘာဝ ဖြစ်လေသည်၊သို့ဖြစ်၍ ယခုပေါ်ပြပါ အာချက် ၇-ချက်တို့ကို အာစဉ်အောက်မေ့၍သာ နေပါ၊ စားကျက်မှ ပျောက်နေသောနွားကို ရေဆိပ်မှ စောင့်ရဘိသကဲ့သို့ နှာသီးဝမှသာ စောင့်နေပါ၊ လေ တဖန် ထင်ရှားပေါ်လာရမြဲ ဖြစ်ထေသည်။

၂၁။ **စာနာပါန အညှစ်စာနကြီး ၁၈-ပါးကို ဆိုပေစေ့။**

အကျယ်ကို ဝိသုဒ္ဓိမဂ် စသည်တို့၌ ယူပါ၊ အာကဉ်းမှ အဇရေးကြီးရာသာ ပေါ်ပြမည်၊ ထွက်လေ၌ ဝင်လေ၌ တပ်ခြင်း တဏှာ၊ ပျံ့လွှင့်ခြင်း၊ မောပန်းခြင်း၊ တုန်လှုပ်ခြင်း၊ ချောက်ချားခြင်း၊ ဗဟုတိတ်ဆာခံသို့ ပြောင်းရွှေ့ ပြေးလွှားသော စိတ်၊ အနာဂတ်ကာလသို့ တောင့်တကြံစည်သောစိတ်၊ ပျင်းရိတွန့်လိမ်သောစိတ်၊ ရာဂနှင့်တကွ အာခံုငါးပါးသို့ သက်ဝင်သောစိတ်၊ ဒေါသ ဒေါမနဿ အာနိဉ်္ဇာခံုသို့ သက်ဝင်သောစိတ်၊ အထက်ပါတို့ကို ကြဉ်ရှောင်ရသည်၊ မဖြစ်နိုင်အောင် ကြိုးတင်၍ ဘုဉ်ဖြစ်စေချင်၏၊

ဒေသနာ။ ။အဋ္ဌနာဂေါသလ္လ ၁၀-ပါးနှင့် လိမ္မာဒုဂ ပါမည်။
အာနာပါနလုင်ထုံးပြီးပြီ၊

အခင်း ၉။

၁။ ဒီပသနာ လုပ်ထုံး။

ဝိဝိဓေဟိ ဇေမွေဟိ ပဿတိတိ ဝိပဿနာ-အရ အာထူးသဖြင့် ရဲကြည့်ခြင်းကို ဝိပဿနာခေါ်သည်၊ မည်သူ့ကို ရှုသနည်းဟူမူ ပရမတ္ထ ရုပ်မွေ နာမ်မွေကိုသာ ရှုရပါသည်၊ ထိုကဲ့သို့ ရှုကြည့်ရာတွင်ထည်း အာဠာတို့က ရုပ်နာမ်ကို ရှုခြင်း ဗဟိဒ္ဓ ရုပ်နာမ်ကို ရှုခြင်း ၂-မျိုးဂိုရာတွင် မြတ်စွာဘုရားသခင်သည် ရောဟိတနတ်သားကို ပေါတော်မူသည့်အတိုင်း အာဠာတို့က ရုပ်နာမ်ကို ရှမှသာလျှင် တရားထူးကို မြန်စွာ ရတတ်ပေသည်၊ သစ္စာ ၄-ပါး ကို သိရန်အတွက်သာလျှင် ဝိပဿနာရှုခြင်း ပါရမီ ဖြည့်ခြင်း စသည်မျှား အာနည်းနည်း အာဗုံဖုံ ကျင့်ကုန် ကြလေသည်၊ စင်စစ် ဒုက္ခသစ္စာ တလုံးသာလျှင် ရှေးဦးစွာ သိအောင် ပြုလုပ်အားထုတ်ရပါမည်၊ ဒုက္ခသစ္စာ တပါး မသိလျှင် ကျန်သစ္စာ ၃-ပါးကို မသိနိုင်၊ ဒုက္ခသစ္စာတလုံး သိပါမူ ကျန်သစ္စာ ၃-ပါး အာကုန်သိရသည်သာတည်း၊ သို့ဖြစ်၍ ယောဂိပုဂ္ဂိုလ်သည်-

၁။ ကမ္မဝင်္ဂီ။

၂။ ကိလေသဝင်္ဂီ။

၃။ ဝိပါကဝင်္ဂီ။

ဟူသော**ဝင်္ဂီ (၃) ပါး**ကို နားလည် သဘောပေါက်သော် ၃၁-ဘုံကို ပျင်းမနိုးသော နိဿန္ဒဓေတ် ကိန်း၍ ငြိုးငွေ့လာမည်၊ ထို နိဿန္ဒဓေတ် ကိန်းမှသာ ဒုက္ခအာတုမှ တဖန် ဒုက္ခသစ္စာအစစ်ကို သိမြင်ပါမည်။

၂။ နောက်တက်စဉ် တန်ညီးကား။

၁။ ဆတိပဋ္ဌာနိတရား ၄-ပါးကို ပွားနေပါမူ သမာဓိဉာဏ် ရင့်၍။

၂။ ဗောဇ္ဈင် ၇-ပါး ပြည့်ဝလာမည်၊ဗောဇ္ဈင် ၇-ပါး ပွားများပါမူ။

၉- အဓိယာဒိဇ္ဇာပန္နိပါတ် ဓာတ်တဲက်စဉ်ကျမ်း။

၃။ သစ္စာ ၄-ပါးကို ပြီးနိုင် သိမြင်နိုင်လေသည်။

ထို အစဉ်တော်နှင့် သိက္ခာ ၃-ပါး မဂ္ဂင် ၈-ပါး လမ်းသည် အတူတူသာတည်း။

၄။ ဒိပဿနာ လုပ်ထုံး အမှတ် ၁။

ယောဂိပုဂ္ဂိုလ်သည် ၊နံနက်အိပ်ရာထ နိုးသည်မှစ၍ ညဉ့် အိပ်ရာဝင် အိပ်ပျော်သည့်တိုင်အောင် ဤအာတ္တဝင်းခွံ နှားနှင့် ကြား ကြားသမျှတို့၌ရင်း၊ မျက်စိဖြင့် မြင်မြင်သမျှတို့၌ရင်း ထို ၂-ဌာန တို့မှ အာရိယာပုထိ ၄-ပါးလုံးတို့၌ပင် ကြားသမျှဘို့ကို သိမှတ်၍ သံဝေဂတရား ယူနေရပါမည်။

ထို့အပြင်လည်း နှား-မျက်စိ တို့တွင် ခန္ဓာ ၅-ပါးဘွဲ့၍ ထို ခန္ဓာကို နာမ်ရုပ်ဖြစ်စေ၍ ထိုနာမ်ရုပ် တရားတို့၏ အနိစ္စ ဒုက္ခ အနတ္တ ဘာဝနာဉာဏ်ယူ၍ ဆင်ခြင်ပါလေ၊ သတ္တဝါဟူသမျှ ပုဂ္ဂိုဏ် မြင်မြင်သမျှတို့သည် တလှုပ်လှုပ် တဂျိုဂျို တွားသွားကြ ပြီးလျှင် စားမှု ဝတ်မှု နေမှု ဟူသော ပရိယေသနဒီးတွေ တောက်လောင်နေပုံကို သံဝေဂဘရား ယူရပါမည်၊ ဒုက္ခသစ္စာ ဟု နောက်ဆုံးဖြင်အောင် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ် ဖြင့် ရှုရပါသည်။

၅။ ဒိပဿနာ လုပ်ထုံး အမှတ် ၂။

ယောဂိပုဂ္ဂိုလ်သည် နိုးသည်မှ အိပ်သည် တိုင်အောင် ဤ အာတ္တဝင်းခွံ အာရိယာပုထိ ၄-ပါးလုံးတို့၌ ကာယကံမှု ဝစီကံမှု မနောကံမှု တနည်းလည်း မျက်စိ- နှား- နှာခေါင်း- ပါးစပ် ကိုယ်တို့မှ ဖမှာ၊နှင့်တွဲ၍ အာဝဇ္ဇဉ်ပါး ဖြစ်ပေါ်တိုင်း၊ တနည်း တွေးကြံ ခြင်းတို့ပါ အာဝဇ္ဇဉ် ၆-ပါးလုံးတို့၌ သိမှ ၊ပါရမည်၊ သိမှအားပေါ်၌ သတိ စိုက်နေရပါမည်၊ အာချုပ်မှာ သင်္ခါရုပ္ပါဒနတရား ၄-ပါး ကို အာဝဇ္ဇဉ်ထုတ်ခြင်းပင် ဖြစ်သည်၊ ထိုသို့ အာဝဇ္ဇဉ် ၆-ပါးတို့၌ အစဉ်

ထိုတိုဖြင့် သိနေရ မှတ်နေရ ရှုနေရပါမည်၊ ပဌမ အာသိကြဲသော် ထည်း နောက် အာထိ စိပ်၍ စိပ်၍ လာပါမည်။

၅။ ဝိပဿနာ လုပ်ထုံး အဖွင့် ၃။

ယောဂိပုဂ္ဂိုလ်သည် ထုံးစံအတိုင်း ဝိပဿနာ ကမ္မဋ္ဌာန်း တောင်းဆည်မှစ၍ ပြုံဘွယ်တို့ကို အလုံးစုံပင် ပြုရပါမည်၊အလုံးစုံ ပြီးစီးသော်-

၁။ ထွက်လေမှစ၍ နားသိုးဝမှာ စိတ်ကို စိုက်ထားပြီးလျှင် လေတိုးထိမှုကို သိမှတ်ရပါမည်၊ ထွက်လေ ဝင်လေ ထိမှုကို သိနေသော သမာဓိ အားကောင်း လာသည် တိုင်အောင်၊ ဥပမာ ၅-မိနစ် ၁၀-မိနစ်ခန့် တိုင်အောင် ရှုနေပါ။

၂။ သမာဓိ အားကောင်းလာသော အခါတွင် နှာသိုးဝ၌ စိတ်ကို စိုက်ထားသော စိတ်ကို ဖြုတ်နှုတ်၍ ယောဂီ၏ရင်ချိုင့် နှလုံးသား (ဟဒယဝတ္ထုရုပ်အိမ်)၌ တည်စိုက် ထားပါ။ တခါတည်းရ၍ စိုက်ရှုနေပါ။

ထိုသို့ရှုနေသောအခါ အင်္ဂါတို့သည်ကား။

၁။ မတွေးတောရ မကြံစည်ရ ဘာမျှ မလွှတ်ဆိုရပါ။

၂။ စိတ်သည် အပြောင်းသို့လည်း မပြန်ရ၊အာသစ်ကိုလည်း မကြံရပါ။

၃။ ဇာရိယာပထ်ကို မပြင်ဘဲ မလှုပ်ရှားဘဲ သည်းခံ၍ ရှုရပါမည်။

၄။ စိတ်မှာ ထက်သန်ရ သော်လည်း ခန္ဓဝစ်ကို လျစ်လျူ။ လျော့ချထားရမည်။

၅။ ပစ္စုပ္ပန် ရုပ်နာမ်မှေင်္ကာသာ ရှုရမည်၊

၆။ ယောဂိက လုပ်ကြံလျက်ရင်း၊ ဖန်ဆင်းလျက်ရင်း မရှု မကြံရပါ။

အာထက်ဖေါ်ပြပါ အင်္ဂါနှင့် အညီ ယောဂီ ပုဂ္ဂိုလ်သည် ငါအားထုတ်သော တရားဆည် အမှန် ပေါက်ဖြောက်မည်ဟု ယုံကြည်စွာဖြင့် ဆဋ္ဌါစသော ဗိုလ် ၅-ပါးနှင့်အညီ အားထုတ် ရလေသည်၊ ဝိပဿနာသည် ဉာဏ်လုပ်ငန်းဖြစ်လေသည်၊ သို့ဖြစ် ၍ ဉာဏ်ကို အမြဲတမ်း ထက်မြက်စေရပါသည်၊ အာသုံးပြုရမ်ပါ သည်၊ ကိုယ်ခန္ဓာ အင်္ဂါက် အားတိုက်မဟုတ် စိတ်ဓာတ်သာ ဉာဏ်ယှဉ်ပါလေ။

၆။ တရားကိုဖြင်ရန် အခြေခံ အချက်ကြီးများ။

၁။ ရင်ဘိုင်နှင့် ဗိုက်တို့သည် ဖေါင်းတုံ ဝိနိတုံ နေသည်ကို တွေ့ရခြင်း၊ ဝမ်းတွင်းခြဲ လေတို့သည် လှုပ်ရှား ဖြစ်ပြောင်းနေခြင်းတို့ကို သိနေခြင်း။

၂။ ခန္ဓာစဉ် ၊အစိတ်အပိုင်း တရုပ်မှသော်ငင်း၊ တကိုယ်လုံး မှသော်ငင်း၊ ဖြင်ပမှငင်း၊ ဝမ်းတွင်းမှငင်း၊ ပူလောခြင်း၊ အေးလောခြင်းများ ဖြစ်ပေါ်လာခြင်း။

၃။ ခန္ဓာစဉ် တနေရာရာမှသော်ငင်း၊ တကိုယ်လုံး မှသော် ငင်း၊ အပိုများဖြင့် ဆွဘိသကဲ့သို့၊ မခံသာအောင်ခံစားရ ခြင်း အမျိုးမျိုးကို တွေ့ရခြင်း။

၄။ ကြက်သီး ထဘိသကဲ့သို့ငင်း၊ တသိမ့်သိမ့် တစိမ့်စိမ့် ဖြင့်ငင်း၊ထုံကျင်ဘိသကဲ့သို့ငင်း၊ခံစားနေရတတ်ခြင်း။

အထက်ပါ အချက် ၄-ချက်တို့ကား ခန္ဓာကိုယ်မှ ဝမ္မတာ အတိုင်း ဖေါက်ပြန်မြဲတရားတို့ပင် ဖြစ်သော်လည်း ဇာတိရဿ ပုထိ ဖုံးလွှမ်းသဖြင့်ငင်း၊ သဘိ သိမှု ၊မစိုက်သဖြင့်ငင်း ရှုးက မသိရပေ၊ ယခုမှဖြစ်သည် မဟုတ်ပေ၊ ထိုအခြေခံ ခံစားမှုတို့ကို ငင်း၊ အခြားအလားတူ တမျိုးမျိုးငင်း ဖြစ်ပေါ်တတ်ပါသည်၊ ထိုတရားကိုသိခြင်းသည် ရှေ့၌ တရားမြင်ရန် အစမျှသာတည်း။

၇။ အထက်ပါအချက်တို့ကို သည်းခံ၍ ဆက်လက် ကျင့်ကြံ နေပါ။

ဘ။ ခန္ဓာစဉ်ဆက် ကိုယ်မဟုတ် အနှံ့ကြွေပေါင်းများစွာ ရုပ်က လောပေါင်းများစွာ စုဝေးထားသော ဓာတ်မျှသာဟု သိမြင်လာမည်။

၂။ ပညတ် ခန္ဓာပျောက်၍ ရုပ်နာမ်မျှသာ ဖြစ်ကြောင်း ပိုင်းခြားသိမြင်လာမည်။

၃။ နာမ်ရုပ်တို့၏ အကြောင်းတရားကို ပိုင်းခြား မြင်လာမည်။

၄။ နာမ်ရုပ်တို့၏ ဖြစ် တည် ပျက် နေပုံကိုမြင်လာမည်။

၅။ ထိုနာမ်ရုပ်တို့ ဖြစ် ပျက် ကိုဆာ သမာဓိ အားကောင်း သလောက် မြင်မည်၊

၆။ ထိုနာမ်ရုပ်တို့သည် မမြဲသောသဘော၊ ဆင်းရဲလှသော သဘော၊အစိုးမရ ကိုယ်မဟုတ်သော သဘောကို ဉာဏ် ထင်မြင်လာမည်။

၇။ ထိုနာမ်ရုပ်တို့ ဖြစ် ပျက် ကိုချည့် မြင်နေခြိုး အပျက်သ ဘောတွေ ဘေးဒုက္ခသဘောတွေ အဖြစ် အနာ အဆာ တွေချည့်သာ ထင်မြင်လာ၍ ပျင်းမုန်း ငြီးငွေ့လာမည်။

၈။ ထိုနာမ်ရုပ်တို့ ဖြစ် ပျက်၌ အနတ္တဘာဝနာဉာဏ် ရင့် လာပြီးသော် လျစ်လျူ။ ရှုခြင်း၊ နာမ်ရုပ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ ဘာဝနာဉာဏ် မှတ်နေခြင်း၊ နောက်သို့ဆုတ်၊ ရှေ့သို့ဆုတ် ရင့်သောဉာဏ်ဖြင့် မျှော်သုံးသပ်ခြင်း။

၉။ ဝိပဿနာ အနတ္တဘာဝနာဉာဏ် ရင့်သည်ထက် ရင့်လာ ပြီးလျှင် နိဗ္ဗိန္ဒာနှင့် ဝိစိကိစ္ဆာ ကင်းလေသောကို မင်္ဂ တကြိမ် ဖိုလ် ၂-ကြိမ်ဖြင့် အပြီးတိုင် ပယ်သတ်လိုက် လေသည်၊ ဖိုလ်ဇောတွေ စောလျက် နေလေသည်။

၉၆ အာရိယာဝိဇ္ဇာ ပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

သို့ဖြစ်၍ ဒုက္ခသစ္စာ မှစ၍ သစ္စာ ၄-ပါးကို မျက်မှောက်ပြုပြီး ဖြစ်လေသည်၊ ဤကား အာကျဉ်းမျှဉာဏ်စဉ်တည်း။

ဂ-စာရးဘာဝနာဉာဏ် ပြခန်း။

၁။ သောတာပန်ပုဂ္ဂိုလ်၌ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့သည် ပိဒိဓ၏ သောတာပတ္တိမဂ် သောတာပတ္တိဖိုလ် နိဗ္ဗာန်တို့ကို အာလေးအမြတ် အာရုံပြုကြကုန်၏။

၂။ သကဒါဂါမ် ပုဂ္ဂိုလ်၌ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့သည် ပိဒိဓ၏သကဒါဂါမိမဂ် သကဒါဂါမိဖိုလ် နိဗ္ဗာန်တို့ကို အာလေးအမြတ် အာရုံပြုကြကုန်၏။

၃။ အနာဂါမ်ပုဂ္ဂိုလ်၌ ဖြစ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့သည် ပိဒိဓ၏ အနာဂါမိမဂ် အနာဂါမိဖိုလ် နိဗ္ဗာန်တို့ကို အာလေးအမြတ် အာရုံပြုကြကုန်၏။

၄။ ရဟန္တာ ပုဂ္ဂိုလ်၌ဖြစ်သော မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄-ခုတို့သည် ပိဒိဓ၏ အရဟတ္တမဂ် အရဟတ္တဖိုလ် နိဗ္ဗာန်တို့ကို အာလေးအမြတ် အာရုံပြုကြကုန်၏။

၅။ ဤသို့ ပြဆိုခဲ့သော ပုဂ္ဂိုလ်တို့၏ စိတ်နေ စိတ်ထားကို သိကြရသဖြင့် ယခုအခါတွင် သာသနာတော်၏ အဆုံးအမကို ရကြကုန်သော သူ ဟူသမျှတို့သည် ပိဒိတို့ ပွားများ အားထုတ်ဟော—

၁။ အနုတ္တရာဝနာစိတ်၌ အနုတ္တရာဝနာ ဉာဏ်ယှဉ်လျှင် အနုတ္တရာဝနာ ဉာဏ်၏ အဆုံးမှာ သောတာပတ္တိမဂ် ဉာဏ်ပေါ်သည်။

၂။ သောတာပတ္တိ မဂ်ဉာဏ်၏ အဆုံးမှာ သောတာပတ္တိဖိုလ်ဉာဏ်ပေါ်၏။

၃။ သောတာပတ္တိ ဖိုလ်ဉာဏ်၏ အဆုံးမှာ နိဗ္ဗာန်ကို ဒေကျးမုဏ်ဉာဏ်နှင့်တကွ စင်စင်ကြယ်ကြယ် မြင်နိုင်၏။

၄။ နိဗ္ဗာနကို ကျေးဇူး ဂုဏ်နှင့်တကွ စင်စင် ကြယ်ကြယ် မြင်ကြမှသာလျှင် မဟာကုသိုလ် ညာဏသမ္ပယုတ်စိတ် ၄-ခုတို့၏ ကျေးဇူး မြင်နိုင်လေတော့သည်။

အာနုတ္တရာဘာဝနာစိတ်၌ အာနုတ္တရာဘာဝနာညာဏ်၏ ကျေးဇူးကို မြင်နိုင် သိနိုင်လေတော့သည်။

အာနုတ္တရိယ ပြီး၏။

၁၀။ အာနိဓ္ဓကာဒီး။

၁။ အာနိဓ္ဓ ဘာဝနာစိတ်၌ အာနိဓ္ဓဘာဝနာ ညာဏ် ယှဉ်လျှင် အာနိဓ္ဓ ဘာဝနာညာဏ်၏ အာဆုံးမှာ သကဒါဂါမိ မဂ်ညာဏ်ပေါ်၏။

၂။ ဤသကဒါဂါမိ မဂ်ညာဏ်၏ အာဆုံးမှာ သကဒါဂါမိ ဖိုလ်ညာဏ်ပေါ်၏။

၃။ သကဒါဂါမိ ဖိုလ်ညာဏ်၏ အာဆုံးမှာ နိဗ္ဗာန်ကို မြင်နိုင်၏။

၄။ နိဗ္ဗာန်ကို မြင်မှသာလျှင် မဟာကုသိုလ် ညာဏသမ္ပယုတ်စိတ် ၄-ခုတို့၏ ကျေးဇူးကို မြင်နိုင် သိနိုင် လေတော့သတည်း၊

အာနိဓ္ဓကိစ္စ ပြီး၏။

၁၁။ အာသုဘကာဒီး။

၁။ အာသုဘ ဘာဝနာစိတ်၌ အာသုဘ ဘာဝနာ ညာဏ်ယှဉ်လျှင် အာသုဘ ဘာဝနာ ညာဏ်၏ အာဆုံးမှာ အနာဂါမိ မဂ်ညာဏ်ပေါ်၏။

၂။ အာနာဂါမိ မဂ်ညာဏ်၏ အာဆုံးမှာ အာနာဂါမိ ဖိုလ်ညာဏ်ပေါ်၏။

၉၈ အာရိယာဝိဇ္ဇာ ပဒီပါတ် ဓာတ်တက်စဉ်ကျမ်း။

၃။ အာနာဂါမိ ဖိုလ်ဉာဏ်၏ အာဆုံးမှာ နိဗ္ဗာန်ကို ဖြင်နိုင်၏။

၄။ နိဗ္ဗာန်ကို ဖြင်မှသာလျှင် မဟာ ကုသိုလ် ဉာဏ သမ္ပယုတ်စိတ် ၄-ချက်၏' ကျေးဇူးကို ဖြင်နိုင်လေတော့သတည်း။

အာသဘကိစ္စ ပြီးပြီ။

၁၂။ ဒုက္ခကာဒး။

၁။ ဒုက္ခ ဘာဝနာစိတ်၌ ဒုက္ခ ဘာဝနာဉာဏ် ယှဉ်လျှင် ဒုက္ခဘာဝနာ ဉာဏ်၏ အာဆုံးမှာ အာရဟတ္တ မဂ်ဉာဏ်ပေါ်၏။

၂။ အာရဟတ္တ မဂ်ဉာဏ်၏ အာဆုံးမှာ အာရဟတ္တ ဖိုလ်ဉာဏ် ပေါ်၏။

၃။ အာရဟတ္တ ဖိုလ်ဉာဏ်၏ အာဆုံးမှာ နိဗ္ဗာန်ကို ဖြင်နိုင်၏။

၄။ နိဗ္ဗာန်ကို ဖြင်မှသာလျှင် မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄-ချက်၏ ကျေးဇူးကို ဖြင်နိုင် လေတော့သတည်း။

ဒုက္ခ.ကိစ္စ ပြီးပြီ။

ဤကဲ့သို့ သူ.ဘာဝနာနှင့်သူ.စိတ် သူ.ဉာဏ် သူ.မဂ် သူ.ဖိုလ် သူ.နိဗ္ဗာန်တို့ကို ပိုင်းခြားခြင်း ဩဝါဒကြီးမှာ ဖြင်ကြမှသာလျှင် ဆရာသနာတော်၏ အာဆုံးအာမကို အာဆုံးတိုင်ရောက်ပြီဟု မှတ်ယူကြရာသည်။

၁၃။ ဆောင်သောတရားနှင့် ရသောတရား။

၁။ သောတာပန်သည် ဒိဗ္ဗ ရူအာယ်သော မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ကပ်၍ ဆောင်လေသည်။

သောတာပန်သည် အာနဂ္ဂာဘာဝနာ စိတ္တုပ္ပါဒ်၌ အဓိသီလ အဓိစိတ္တ အဓိပညာ ဟူသော သိက္ခာ ၃-ပါး အာကြောင်းခံ၍ သီလပါရမီ စိတ္တပါရမီ ဒိဋ္ဌိပါရမီ ကခ်ီဝိတရဏပါရမီ မဂ္ဂါမဂ္ဂ ဉာဏဒဿနပါရမီ ပဋိပဒါဉာဏဒဿနပါရမီ ဉာဏဒဿန ပါရမီ ဟူသော သူ့မဂ်နှင့်သူ့ဆိုင်သော ပါရမီ ၇-ပါးကို ရလေ တော့သည်။

၂။ သကဒါဂါမ်သည် ဒိဗ္ဗ ရူအာယ်သော မဟာ ကုသိုလ် ဉာဏသမ္ပယုတ်စိတ် ၄-ခု မဂ်တရား ဖိုလ်ဘရား နိဗ္ဗာန်တရား ကပ်၍ ဆောင်သည်။

အာနဂ္ဂါဘာဝနာ စိတ္တုပ္ပါဒ်၌ သိက္ခာ ၃-ပါး အာကြောင်းခံ၍ ပါရမီ ၇-ပါးကို ရလေသည်။

၃။ အနာဂါမ်သည် ဒိဗ္ဗရူအာယ်သော မဟာကုသိုလ် ဉာဏ သမ္ပယုတ်စိတ် ၄-ခုနှင့် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ကပ်၍ ဆောင်လေသည်။

အာသုဘာဘာဝနာ စိတ္တုပ္ပါဒ်၌ သိက္ခာ ၃-ပါး အာကြောင်းခံ၍ ပါရမီ ၇-ပါးကို ရလေသည်။

၄။ ရဟန္တာသည် ဒိဗ္ဗရူအာယ်သော မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် ၄-ခု မဂ်တရား ဖိုလ်ဘရား နိဗ္ဗာန်တရား ကပ်၍ ဆောင်လေသည်။

နုက္ခဘာဘာဝနာ စိတ္တုပ္ပါဒ်၌ သိက္ခာ ၃-ပါး အာကြောင်းခံ၍ ပါရမီ ၇-ပါးကို ရလေသည်။

၁၀၀ အဓိယာဒိစ္စာပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

ဤနည်းအားဖြင့် ယောဂိပုဂ္ဂိုလ်တို့သည်=

၁။ သပ္ပုရိသ သံသေဝ။

၂။ သဒ္ဓမ္မသဝန။

၃။ ယောနိသော မနသိကာရ။

၄။ ဓမ္မာနုဓမ္မပဋိပတ္တိတို့ကို ဖြစ်စေကုန်ရာသည်။

၁၄။ အဓိယာဝိစ္ဆာညာဏ် တန်ခြေးအကျယ်။

နာမရူပ ပရိစ္ဆေဒ ညာဏ်ကို ရရှိပြီးသည်နောက် အနုတ္တ ဘာဝနာကို ပွားရာ၏၊ အနုတ္တဘာဝနာကိုပွား၍ အနုတ္တဘာဝနာ ညာဏ် ပြည့်စုံလျှင် မဟာကုသိုလ် ညာဏသမ္ပယုတ် စိတ် ၄-ခု သည် အသိးသိး ဆင့်ခါဆင့်ခါ ယှဉ်ကြကုန်၏၊ ဤမဟာကုသိုလ် ညာဏသမ္ပယုတ် စိတ် ၄-ခုသည် ဆင့်ကာဆင့်ကာ ယှဉ်ကြ မှသာလျှင် အနုတ္တဘာဝနာ ညာဏ်အားသည် အာလွန် ထက်မြက် သန်စွမ်းလာသည်၊ ဤလို ထက်မြက် သန်စွမ်းမှုကြောင့် ပဋိဝေ မဂ်ညာဏ် သည် ဖိုလ်းကြိုးစက် ကျဘိသကဲ့သို့ ပိတ်ပင်မှု ဆီး တားမှု အဝိဇ္ဇာနှင့် တဏှာ ဒိဋ္ဌိတရားတို့ကို ကောင်းကင်၌ ဖိုလ်း သားတိမ်တိုက်တို့က လေမုန်တိုင်းနှင့် တိုက်ယူ ပစ်ဘိသကဲ့သို့ အကုန်လွင့်စင် ပြယ်ပျောက်ကျရကုန်၏။ ဖေါ်ပြခဲ့သော လမ်းစဉ် မျဉ်းအဆက်ပိုင်း ယောဂိတို့သည် ကျင့်ကြကုန်ရာသည်။

၁၅။ ကိစ္စညာဏ်နှင့် ကတညာဏ်။

၁။ သောတာပန် ဖြစ်ပြီးသော သူသည် (၁) ပယ်ပြီးသော ဂဠေလသာ (၂) ကြွင်းသော ကိလေသာ (၃) မဂ် (၄) ဖိုလ် (၅) နိဗ္ဗာန် ၅-တန်ကို ဆင်ခြင်သုံးသပ်သော ပစ္စဝေက္ခဏာ ညာဏ်သည် ဖြစ်ရာ၏၊ ထိုညာဏ်မဖြစ်လျှင် သကဒါဂါမိမဂ်ကို မတက်နိုင်၊ ထို ပစ္စဝေက္ခဏာညာဏ် မပေါ်ခြင်းသည် အဝိဇ္ဇာ ဖုံးနေ၍ ဖြစ်လေသည်။

ဥာဏ်ပေါ်နည်းမှာ။

ငါ၏ ယာရ ဖြစ်ပေါ်နေသောနာမ်စိတ်အာစဉ်မှာ ဒီဠ် ၀၀ိ.ကိန္ဆာ ၂-ပါးတို့ကား ကင်းပြတ်ပေပြီ၊ ရာဂ ဒေါသ စသော တရား ၁၀-ပါးတို့သည်ကား များစွာ ဖြစ်ခွင့်ရလျက် ဝိုကြကုန်သည်၊ ကျန်တရားတို့ ချုပ်ငြိမ်းပြတ်အောင် အားထုတ်ဘွယ် ဘာ၀နာကိစ္စလိုပါသေးသည်ဟု ဆင်ခြင်ပြီးလျှင် အားထုတ်ရပါသည်၊ ထိုကဲ့သို့မှ မဆင်ခြင် အားမထုတ်ခဲ့သော် ဘုရားတဆူနှင့် တဆူကြားပင် ကြန့်ကြာအောင် သံသရာ၌ ဝဋ် ၃-ပါး တို့ တပြောင်းပြန်ပြန် ခံရတတ်လေသည်။

၅။ ဤကား ကိစ္စညာဏ် ကတညာဏ်တို့ကို ပုံသော အာဝိဇ္ဇာ၏ အစွမ်းသတ္တိကြောင့် ပေတည်း။

၂။ သောတာပန်၌ အာဝိဇ္ဇာဖုံးတာကို သိပြီးသော် သကဒါဂါမ်နှင့် အနာဂါမ်များ ဖုံးပုံကိုလည်း သိပါလေ၊ ကိစ္စ ကတ များ ပြုရပါသည်၊ သကဒါဂါမ်က ရာဂအကြမ်းစား ဒေါသ အကြမ်းစား ကုန်သည်၊ အနုစားကျန်၏၊

၃။ အနာဂါမ်က ရာဂါနုသယ ပဋိဃာနုသယ တို့ကို ဖြတ်သည်၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓိစ္စ အဝိဇ္ဇာတို့ ကျန်ပါသေး သည်၊ ထိုသို့မသိသေးလျှင်။ ဖုံးလွှမ်းနေပြီဟု မှတ်ပါလေ။

ထိုကြောင့်ပင် မဂ်တက်စဉ်၌ သူ့မင်း သူ့ဗိုလ် သူ့ဒိဗ္ဗာန် သူ့ပစ္စဝေက္ခဏာဉာဏ် ဟူ၍ အစဉ်အတိုင်း ဝိုကြလေသည်၊ သေချာစွာ ဗိုင်္ဂဝါးပါးဖြင့် အားထုတ်ကြပါ ပါရဖြိုရှင်တို့။

အချုပ်မှာ ယောဂိပုဂ္ဂိုလ်တို့သည် ဆရာ၌ရှင်း တရား၌ရှင်း၊ ဒိဓိကိုယ်၌ရှင်း သံသယရှိနေခဲ့သော် ခရီးမရောက်ပါ၊ စိတ်နှလုံး ဒုံးဒုံးချ၍ ပေးထားသော ဥပနိဿယအတိုင်း ယုံကြည်စွာ ဖြတ်နိုးစွာ လိုလိုချင်ချင်နှင့် အားထုတ်ပါမူကား မုချရမည်သာဘည်း။ အကျဉ်းမျှသာ ရေးနိုင်ပါသည်၊ အကျယ်ကို တရားနာ ဟူပါသော။

ဝိပဿနာ ပြီး၏။

ဒိဗဿနာ လုပ်ထုံး အမျှတ် ၄။
နာဓိရုပ်တရားသည် အနတ္တဖြစ်၍ ဒုက္ခသစ္စာမှန်၏။

၁။ ကမ္မဋ္ဌာန်း တောင်းခြင်းစသော ပြုဘွယ်ကိစ္စတို့ကို ထုံးစံအတိုင်း အလုံးစုံပြုရပါသည်။

၂။ ထက်ဝယ်ဖွဲ့ခွေထိုင်ပြီးသော် နှာသီးဝဋ္ဌ စိတ်ကိုထား၍ ထွက်လေ ဝင်လေ တိုက်ထိမှုကို သိမှတ်ရှုနေပါ။

၃။ သမာဓိ ရလာပြီးသော အခါတွင် ရင်ချိုင့်ဋ္ဌ စိတ်ကို စိုက်ထားရပါသည်။

၄။ မနောဓာတ်မှ အာထက်ပါ ခေါင်းစဉ်ကို ပွားနေရပါမည်။ နှေးနှေးမှန်မှန် သဘောထင်၍ ပွားနေရပါသည်။

၅။ ခန္ဓာကိုယ်ပညတ် မရုခံ စေရအောင် သမာဓိ စိုက်၍ ပညတ်ကို ပညတ်မှန်း သိပြီးနောက် ပညတ်ကို ဖျက်ဖေါက်ခွဲ၍ရှုပါ။

၆။ ခန္ဓာကိုယ် အရပ်ရပ်မှ မခံသာသော ဝေဒနာများ အာမျိုးမျိုးတွေ့ကြုံ ခံစားလာရလိမ့်မည်၊ ထို ခံစားရသော ဝေဒနာတို့အပေါ် ဋ္ဌ စိတ်ကိုသိုက်ပြီး မတွေ့နဲ့။

၇။ ရင်ချိုင့် ဋ္ဌသာ သမာဓိ အားကောင်းကောင်းနဲ့ စိုက်ရှုနေပါ။

၈။ ခန္ဓာကိုယ် တခုလုံးဘဲ ပျောက်သွားသွား သေသေဟု စိတ်ဒုံးဒုံးချခါ သည်းခံ၍ ဆက်လက်ရှုမှတ် ပွားနေပါ။

၉။ ပညတ်ကွဲပေါက်၍ ပရမတ်နာမ်ရုပ်ကို မရျှောင်တွေ့မြင်မည်။

၁၀။ သမာဓိ အား ကောင်း ကောင်း နဲ့ ဆက်လက် ရှုမှတ် နာမ်ရုပ်ကိုမပြတ် ရှုမှတ်ပွားနေပါ၊

၁၁။ သမာဓိ အားကောင်းသည်အလျောက် ဉာဏ်စဉ် ရင့်တက်လာပြီးလျှင် ရှုမှတ်ပွားရင်းပင် ဖြစ် ပျက် တို့၏

အာဆုံးဌိ ဂိုသော မဖြစ် မပျက် နိဗ္ဗာန်သို့ မျက်မှောက်ပြုလျက်သား ဖြစ်နေမည်။

၁၄။ ဗိုလ်ငါးပါး လက်ဂိုဏ်ထားခါ အားထုတ်ရပါသည်။

ဝိပဿနာ လုပ်ထုံး အမှတ်-၅။

နာဓိရပ်တရားသည် အနတ္တဖြစ်၍ ဒုက္ခသစ္စာမှန်၏။

၁။ ကမ္မဇ္ဇာန်းတောင်းခြင်း စသော ထုံးစံအတိုင်း အာကုန်ပြုပါ၊ (သို့သော် သစ္စာပျံကိုမူ မဆိုပါနှင့် မထည့်ပါနှင့်)။

၂။ ယောဂိပုဂ္ဂိုလ်သည် အိပ်ရာ၌ဖြစ်စေ နှစ်သက်ရာနေရာ၌ ဖြစ်စေ၊ ပက်လက်အိပ်နေပါ၊လက်များကို ဘေးသို့ချထား ပြီး ကိုယ်ခန္ဓာကို ဆက်သာစွာ လျှော့ထားပါ၊

၃။ ယောဂိ၏ ဦးခေါင်း ယေထိပ်၌ စိတ်ကို စိုက်ထားပါ၊ သမာဓိ ရလာအောင် (၅) မိနစ်ခန့် စိုက်ထားပါလေ။

၄။ သမာဓိ ရလာပြီးသောအခါ ယေထိပ်မှ တဖြည်းဖြည်း (ခြေမထိပ်) ခြေချောင်းများများအထိ စူးစိုက်ရင်း ဖြေ့ သွားရွှမှတ်ပါ။

၅။ အထက်ပါ ခေါင်းစဉ်ကို မနောဒေတ်ဖြင့်ပွား နှေးနှေး အဓိပ္ပါယ်ပါ ထင်ဖြင့်၍ ပွားနေပါ။

၆။ ခြေဖျားမှယေထိပ် ယေထိပ်မှ ခြေဖျားထိ တဖြည်းဖြည်း ခြင်း ဘာဝနာကိုပွား၍ ရွှမှတ် နေရာဖြေ့နေပါလေ။

၇။ ပညတ်ဖြစ်သော ခန္ဓာကိုယ်ကို မရုခံစေဘဲ ပေါက်ခွဲ၍ ပရမတ်ဓာတ် ရုပ်နာမ်ကိုသာ ပစ္စုပ္ပန်ကို ရွှမှတ် ပွားပါ။

၁၀၄ အာရိယာဝိဇ္ဇာ ပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

၈။ သမာဓိ အာဒေါကောင်းကောင်းယူ၍ နွေးနွေးမှုန်မှုန် ပွားနေရပါသည်။

၉။ နာမ်ရုပ် ဖြစ်ပျက်ကိုတွေ့လေ အာရုံစိုက်လေ စိုက်ကြည့်မှတ်ရှု ပွားရပါသည်၊ နာမ်ရုပ်ကို မတွေ့ခင်သာ ခန္ဓာစဉ်ကို လျှောက်ရပါသည်၊ တွေ့လျှင် တွေ့သောနာမ်ရုပ်၌သာ အာရုံပြု ပွားပါလေ။

၁၀။ ဉာဏ်စဉ် ရင့်၍ ရင့်၍ တက်သွား ပါလိမ့်မည်၊ ဗိုလ် ၅-ပါးဖြင့် ရှုပါ။

ဝိပဿနာ အာဒေါထုတ်နည်း လုပ်ထုံးကို ၅-နည်းအာဒေါဖြင့် ပေါ်ပြ၍ ပြီးပါပြီ။

ဥပုန်ကြားချက်များ။

ပဌမနည်းမှာ နေရင်း ထိုင်ရင်း လမ်းသွားရင်း အလုပ်လုပ်ရင်း စီးပွားရှာဖွေရင်း သံဝေဂယူရုံမျှသာဖြစ်၍ အာသက်သာဆုံး အလွယ်ဆုံးနည်းဖြစ်လေသည်၊သေချာစွာအာဒေါထုတ်နေဘို့ အချိန်မရနိုင်သော သူတို့အတွက်ဖြစ်သည်။

ဒုတိယနည်းမှာ မနှစ်မပဒိုပဒါ ကျ၍ သဘိပဋ္ဌာန် တရားဖြစ်၍ လွန်စွာပင် အာဒေါလုံးသော သူတို့နှင့်ပင် သင့်တော်ပါသည်၊အာဒေါထုတ်လျှင် အာဒေါထုတ်သလောက် ခရီးလည်းရောက်နိုင်ပါသည်၊(မှန်မှန် အာဒေါထုတ်လိုသော် အသိကြီးစေ၍ မှတ်ခြင်း)ပြင်းထန်စွာအာဒေါထုတ်လိုလျှင် အသိစိပ်ပေးရခြင်းပင် ဖြစ်လေသည်။

တတိယနည်းမှာ ယထာဘူတကျ၍ တရားကို လျင်စွာရနိုင်တွေ့နိုင်ပေသည်၊ပြင်းစွာအာဒေါထုတ်လိုသောယောဂိများ နိဗ္ဗာန်သို့ မြန်စွာ မျက်မှောက်ပြုလိုသော ယောဂိများနှင့် သင့်ထျက်လှပါသည်။

ဓာတုဗန္ဓနည်းမှာ ပညာစွင်မှင်း၊ ဗြင်ပဟုဂ္ဂိုလိများ အတွက်ဂင်း၊ ဓာတ်စိး မရှိသော သူများနှင့် ဗဟို သင်ကျောပါသည်၊ ဓာတ်စိး ရှိသူများလည်း အားထုတ်နိုင်ပါသည်၊ ကျင့်၍ လည်း ဉာဏ်ရလွယ်လွယ်ပါသည်။

ပဋ္ဌမနည်းမှာ လူမမာများ အတွက်ဂင်း၊ မထိုင်နိုင် သူများ အတွက်ဂင်း၊ အသက်အရွယ် ကြီးသူများ အတွက်ဂင်း၊ ထိုင်၍ အားမထုတ်လိုသူများ အတွက်ဂင်း၊ သင်ကျော် လွယ်ပါသည်။ သမာဓိအား လိုပါသည်၊ မြန်စွာလည်း တရား တွေ့နိုင်ပါသည်၊ ယောဂိတို့သည် နှစ်သက်ရာ နည်းတရာရာကို ယူ၍ အားထုတ်ရန်ပင် ဖြစ်လေသည်၊ ဆရာသည် တစုံတယောက်အား ကမ္မဋ္ဌာန်း ပေးခဲ့သော် နည်းတရားကိုသာ သုံးရန်ဖြစ်လေသည်။

ညွှန်ကြားချက်များ ပြီးပြီ။

ဒုတိယဖိုင်း နိဂုံး။

၁။ ဆရာဘုရားသည် ယခုအခါ ပဒေသာတ် ဓာတ်တက်စဉ် (၅) ပါးတို့၏ လုပ်ထုံးနိဿယညှိးကို စံနစ်တကျ ပေါ်ပြပြီးပါပြီ၊ ဇဒ္ဓါနှသတိ ပဌမဆင့်ကိုသာ လုပ်စဉ်နှင့်တွဲ၍ ပေါ်ပြခဲ့ပြီးလျှင် ကျန်သော မေတ္တာဈာန် သမ္မုဇ္ဈေ အာနာပါန ဝိပဿနာတရားများကိုကား နိဿယညှိး လုပ်ထုံးသာ ပေါ်ပြလိုက်ပါသည်၊ သို့သော်လည်း ယောဂိတို့သည် မိမိတို့ အားထုတ်လိုရာ ကမ္မဋ္ဌာန်းကို ထည့်သွင်း တောင်းယူ၍ အားထုတ်ရန်ဖြစ်ပါသည်။

၂။ ဤကဲ့သို့ တရားတော် ပဒေသာတ် အကျင့်နည်းကို အရေခဲ့ပြီးလျှင် ပြင်းထန်သော သစ္စာချက်များ ဝိစ္ဆာဇိုက် ဓာတ်စိးနှင့် အရိယာ ဓာတ်စိးတို့ကို အားကံး ယုံကြည်စွာနှင့် အားထုတ်ကြရပါမည်။ မေတ္တာနှင့် ပဒေသာတ်ကို ပေါ်ပြပြီး ဖြစ်ပါသည်။

၁၀၆ အာရိယာဝိဇ္ဇာ ပဒီပါတ် ဓာတ်တက်စဉ်ကျမ်း။

၃။ ထိုဖေါ်ပြပါ အာဧခြံခံ ၄-ချက်မူကို မ-တည်၍ ယောဂီသူမြတ် ပညာသွင်ဝင် ပါဒမိရှင်အာပေါင်းတို့သည် အာရေးကြီးသော ပညာသွင်၏ စက်ဆုတောင်း ကမ္မာ့ဓာတ်လုပ်ငန်း စက်ပညာ မဟာဇေယျ သိဒ္ဓိအောင်ဆုဆိုခြင်း သိဒ္ဓိသိက္ခာထပ်ခြင်း မဟာစက်လှတ်ခြင်း စသည်တို့ကို ပြင်းထန်စွာ ထပ်တလဲလဲပြု၍ ဓာတ်သိုက်ပညာ ဓာတ်သိုက်ဥစ္စာ လက်နက်စကြာ ရတနာများနှင့် လူ နတ် ဓာတ်အာပေါင်းတို့၌ ဇာသဏရိယ သိဒ္ဓိ ကမ္မဖိဒ္ဓိကို လျင်စွာရအောင် အထူးဆည်းပူးခါ ပြင်းထန်စွာ အားထုတ်ကြရပါမည်။ ဤတွင် တတိယဝိုင်း၏ တရားသဘောတို့ကို ဆက်၍ ဆိုပါအံ့။

ဒုတိယဝိုင်း ပြီး၏။

တတိယဗိုင်း သဘောခက်း။

၁။ ယောဂိပုဂ္ဂိုလ်၏ ပါရဗီ ၄-စား။

၁။ ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ၊ ဆင်းရဲစွာကျင့်ရ၍ နှေးစွာ သိရခြင်း။

၂။ ဒုက္ခပ္ပဋိပဒါ ခိပ္ပါဘိညာ၊ ဆင်းရဲစွာ ကျင့်ရ၍ လျင်မြန်စွာ သိရခြင်း။

၃။ သုခပ္ပဋိပဒါ ဒန္ဓာဘိညာ၊ ချမ်းသာစွာကျင့်ရ၍ နှေးစွာ သိရခြင်း။

၄။ သုခပ္ပဋိပဒါ ခိပ္ပါဘိညာ၊ ချမ်းသာစွာ ကျင့်ရ၍ လျင်မြန်စွာ သိရခြင်း။

အဆထက်ပါ ပဋိပဒါလေးပါးကို တရားခွင်ဝင် ပုဂ္ဂိုလ်အားပေါင်းတို့တွင် တပါးပါးနှင့် တွေ့ရပေမည်၊ သဒ္ဓါစေ သန်သန်နှင့် သေချာစွာ ဆုတောင်းခါ အားထုတ် ကြပါလေ၊ သူတော်ကောင်းတို့။

၂။ နိဒ္ဒိတ် ၃-ပါး။

၁။ ပရိကမ္မနိဒ္ဒိတ်၊ တစုံ တရသော အာရုံ နိဒ္ဒိတ်သည် ပရိကမ္မနိဒ္ဒိတ် မည်၏။

၂။ ဥဂ္ဂဟနိဒ္ဒိတ်၊ ယောဂီ ပုဂ္ဂိုလ်၌ ထင်ဖြင့်သော နိဒ္ဒိတ်ကို ခေါ်သည်။

၃။ ပဋိဘာဂနိဒ္ဒိတ်၊ ဥဂ္ဂဟနိဒ္ဒိတ်၏အထူးဖြစ်သော နိဒ္ဒိတ်ကို ပဋိဘာဂခေါ်၏။

ဒုရိယာဒိဋ္ဌာပဒိုပါတ် ဓာတ်တော်စဉ်ကျမ်း။

၃။ ဘာဝနာ ၃-ပါး။

၁။ ပရိကမ္မ ဘာဝနာ။

၂။ ဥပစာရ ဘာဝနာ။

၃။ အပ္ပနာ ဘာဝနာ။

နိဗ္ဗိတ်နှင့်ဘာဝနာတွဲဧကော်း ဂေါတြဘူဆိုက်ဟန်။

၁။ ပရိကမ္မ နိဗ္ဗိတ်ကို အာရုံပြု၍ စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းဆည် ပရိကမ္မဘာဝနာ မည်၏။

၂။ စီးဖြန်းသော ယောဂိပုဂ္ဂိုလ်၏ မနောဒွါရ၌ ထင်သော အာရုံသည် ဥဂ္ဂဟနိဗ္ဗိတ် မည်၏။

၃။ ထို ဥဂ္ဂဟနိဗ္ဗိတ်ကို အာရုံပြု၍ စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းသည် ပရိကမ္မဘာဝနာ မည်၏။

၄။ သမထအားကောင်းသော ယောဂိပုဂ္ဂိုလ်အား ဥဂ္ဂဟနိဗ္ဗိတ်၏ အထူးဖြစ်သော ဥဂ္ဂဟနိဗ္ဗိတ်ထက် ပြုမ်သက်သော ကြေးမုံပြင်ကဲ့သို့ သန့်ရှင်းစင်ကြယ်စွာ ထင်သော ပရမတ္ထဆဘောမှ လွတ်သော အာရုံသည် ပဋိဘာဂနိဗ္ဗိတ်မည်၏။

၅။ ထိုပဋိဘာဂနိဗ္ဗိတ်ကို အာရုံပြု၍ ဂေါတြဘူတို့၌အောင် စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းဆည် ဥပစာရဘာဝနာမည်၏။ ဥပစာရ သမာဓိလည်း မည်၏။ ဥပစာရ ဈာန်လည်း မည်၏။

၆။ ထိုဂေါတြဘူမှစ၍ ပဌမဈာန်ရသည်ကို၌အောင် စိတ်ဖြင့် အဖန်တလဲလဲ စီးဖြန်းခြင်းသည် အပ္ပနာဘာဝနာ မည်၏၊ အပ္ပနာသမာဓိလည်း မည်၏၊ အပ္ပနာဈာန်လည်း မည်၏။

၇။ ထိုကဲ့သို့ ပဒိုဘာဂနိဗိတ် ဖြစ်သည်မှစ၍ ရာဂ ဒေါသ စသော ကိလေသာငြိမ်းသဖြင့် ကာမာဝစရ ကုသိုလ်သည် သိခါပတ္တဖြစ်၍ သမာဓိ၏ အလွတ် အထိပ်သို့ ရောက်လေသည်။

၈။ ဥပစာရ ဘာဝနာ, ဥပစာရ သမာဓိကို ရပြီးသော ယောဂိပုဂ္ဂိုလ်သည်-

(က) ဈာန်အဘိညာဉ်ကိုလိုသော် ဈာန်အဘိညာဉ်ရကြောင်း တရားလမ်းကြောင်းကို အားထုတ်ပါ၊လေ။

(ခ) မဂ်ဖိုလ်နိဗ္ဗာန်ကိုဝင်လိုသော် နာမရူပ ပရိစ္ဆေဒဉာဏ် ပစ္စယ ပရိဂ္ဂဟဉာဏ် သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ်စသည် ဝိပဿနာလမ်းကို အားထုတ်ပါ၊လေ။ ဝိဓိတို့ ဆုတောင်းအတိုင်း အားထုတ်ကြပါကုန်။

၄။ ဒီတိ ၅-ပါး။

၁။ ခန္ဓကာဝဒိတိ၊ ကြက်သီးထအိသကဲ့သို့ ဖြင်းကနဲ သိမ့်ကနဲ ခံစားရခြင်း။

၂။ ခဏိကာဝဒိတိ၊ ခဏမျှ ဝင်းကနဲ လက်ကနဲ ငြိမ့်ကနဲ ဖြစ်ပေါ် ခံစားရခြင်း။

၃။ ဩက္ကန္တိကာဝဒိတိ၊ ပင်လယ်ပြင်တွင် ဒိုးပန်းလေသဲသဲရွာ၍ လှိုင်းလုံးမျှားကဲ့သို့ နိမ့်မြင့် ငြိမ့်ကနဲ ခံစားလိုက် ခဏ ဖြယ်လိုက် ခပ်ကြာကြာကလေး ငြိမ့်ကနဲ ခံစားလိုက်နဲ့ ခံစားတွေ့ရခြင်း။

၄။ ဥဇ္ဇောဝါဒိတိ၊ တကိုယ်လုံး ပြန့်နှံ့တည်၍ လဝါငွမ်းကဲ့သို့ ပေါ့ပါးသွားခြင်း ဇာရိယာပုထ်ကို အစိုးရခြင်း လေကဲ့သို့ လျှင်လျှပ်နှင့် ပေါ့ပေါ့ကလေး ခံစားတွေ့ရခြင်း။

အာရိယာဒိဋ္ဌာ ပဋိပါတ် ဓာတ်တက်စဉ်ကျမ်း။

၅။ ဖရဏာဒိတိ ကိုယ်အလုံးဌ ဧလေဖြင့်ပြည့်သော စည့် ဖေါင်းကဲ့သို့ တကိုယ်ကောင်လုံး ပြန့်နှံ့ တည်ခါ ဓာတ်လေးပါးကို အစိုးရခြင်း လွန်စွာ ဂူးစိုက်သော သမာဓိအရသာကို ခံစားတွေ့ရခြင်း။

အဆထက်ပါ ဒိတိငါးပါးကို သမထ ဝိပဿနာမှာ တွေ့ရသည်၊ ဝိပဿနာတွင် ဗဟိဒ္ဓမွေကို ရှုသောပဂ္ဂိုလ်တို့ မတွေ့ရ၊ သတိနဲ့ မှတ်ပြီး တက်ကြပါ ပါရဒိရှင်တို့။

၅။ ချာန်အက်ါ ၅ ပါးနှင့် ချာန်ဓောကျဟန်။

၁။ ဝိတက္ကာ၊ ဗိမိနှင့်တကွဖြစ်သော နာမ်တရားတို့ကို အာဂုံ တခုခုသို့ ပို့ခြင်းသဘောရှိသော နာမ်တရား တခု ဖြစ်သည်။

၂။ ဝိစာရ၊ ဗိမိနှင့် အတူတကွဖြစ်သော နာမ်တရားတို့ကို အာဂုံ၌ သုံးသပ်စေခြင်း သဘောရှိသော နာမ် တရား တခုပင်တည်း။

၃။ ဒိဘိ၊ အာဂုံကို နှစ်သက်ခြင်း သဘောရှိသော နာမ် တရား တခုပင်တည်း။

၄။ သုခ၊ အာဂုံကို ချမ်းသာဇ၏ဟု ခံစားခြင်း သဘော ရှိသော နာမ်တရား တခုပင်တည်း။

၅။ ဧကဂ္ဂတာ၊ အာဂုံ၌ တည်ကြည်ခြင်း မမျှုံလွင့်ခြင်း သဘောရှိသော နာမ်တရား တခုပင်တည်း။

ပဋိဘာဂနိမိတ်လုံးကို စေ့စေ့ကြည့်၍ နေလျှင် ကြာလေငြိမ် လေ ကြာလေလင်းလေ ကြာလေစေ့ကြည်လေ ကြာလေငြိမ် သက်စွဲမြဲလေ ဖြစ်လာပြီးလျှင် နှစ်သက်သော ဒိတိ ဖြစ်လေ တော့သည်၊ သို့နှစ်သက်သောဒိဘိ ဖြစ်တယ်ဆိုလျှင်ဘဲ ချမ်းသာ လှသော သုခဖြစ်လာလေတော့သည်၊ ချမ်းသာသော သုခ ဖြစ်

လာလျှင်ဘဲ မတုန်မလှုပ် တည်ငြိမ်သော ကျောက်စာတိုင်ကဲ့သို့ ခိုင်သော မြဲသော ဇကွဋာစိတ် ဖြစ်လေတော့၏။ ထိုဇကွဋာစိတ်ဖြစ်လျှင် ဒိဗ္ဗိသည် ပဒေသာဒနိမိတ်ထဲ ရောက်နေသကဲ့သို့ ပဋိဘာဂနိမိတ်ကို မြင်နေသည်မှတပါး ဘာမျှ မသိတော့ပေ၊ ပဒေသာဒနိမိတ်နှင့် ဒိဗ္ဗိသည် တရုတည်းကဲ့သို့ ဖြစ်လာ၏။ ထို အခါ ယောဂိပုဂ္ဂိုလ်သည် ဝိတက္က, ဝိစာရ, ဒီတိ, သုခ, ဇကွဋာ တည်းဟူသော ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံပြီးလျှင် ပဌမဈာန်ဖော ကျသွားလေတော့၏၊ ထို့အတူ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် ပဉ္စမဈာန်စိတ်များ ဖြစ်လေတော့၏။

၆။ ဈာန်၂-ပါး အထူး။

၁။ အာရမ္မဏူပနိဇ္ဈာနဈာန်၊ သမထ အားထုတ်သောအခါ၌ ပဉ္စမဈာန်ဖောစေတနာ ကျခြင်းသည့် လောကီ ဈာန်ဖြစ်၏။

၂။ ဃနသမ္ဘဏူပနိဇ္ဈာန ဈာန်၊ ဝိပဿနာ အားထုတ်သော ယောဂီအား သောတာပတ္တိမဂ်နှင့်တကွ ဈာန်ကို လောကုတ္တရာ ဈာန်ခေါ်၏။

၇။ ဂေါတြဘူ မဟဂ္ဂုတ် အပ္ပနာဇောကျပုံ။

သမထ အားထုတ်ရာတွင် ပဋိဘာဂနိမိတ်မှ ဂေါတြဘူအထိ သည် ဥပစာရဘာဝနာ၊ ဥပစာရ သမာဓိ မည်၏။

ဂေါတြဘူမှ ပဌမဈာန်သို့ ရောက်ခြင်းသည် အပ္ပနာဘာဝနာ၊ အပ္ပနာသမာဓိ အပ္ပနာဈာန် မည်၏၊

အထက်ပါအတိုင်း ဥပစာရဘာဝနာ ပွားလွန်းသော် ပရိကံ ဥပစာ အနုလုံ ဂေါတြဘူ ဖြစ်ပြီးနောက် အပ္ပနာဈာန် ဖောကျလေတော့သည်။

လက္ခဏာဘာဝနာ။ ။အာပ္ပနာဇာဝနံ၊ အာပ္ပနာဇော ဆဗ္ဗိဿသည်။ ဇုရိယာပထံ၊ ဇုရိယာပုထ်ကို၊သန္နိဘာမေတိ၊ ခိုင်မာစေ၏။ ဇုရိယာပုထ်ကို အစိုးရမြဲစေသည်။ စျာနလာဘီပုဂ္ဂိုလ် ဖြစ်ပြီး ပဌမစျာန်မှ ပဉ္စမစျာန်ဇောထိ ယူပါလေ၊ ဤကား မဟဂ္ဂုတ် အာပ္ပနာတည်း။

ဗီဘီပါမောဇ္ဇ ဖြစ်ပုံ။

ငါးပါးသော ပိတိတို့ထက် ထူးမြတ်၏၊ သမထဝဠ်လည်းရှိ၏။ ဝိပဿနာဝဠ်လည်း ရှိလေသည်။

၁။ ဝိပဿနာတွင် ဥဒ္ဒယဗ္ဗယညာဏ်၌ လွန်စွာ အားထုတ်မှ ဖြစ်သည်။

၂။ သမထတွင် ဥပစာရသမာဓိသို့ ရောက်ပြီး၍ အောက်ပါ အင်္ဂါရှစ်ပါးနှင့်ညီညွတ်က ပိတိပါမောဇ္ဇဖြစ်၏။

၁။ ပဒိဘာဝဂ နိမိတ်လုံးထဲ၌ တရုတည်းကဲ့သို့ ရောက်နေသကဲ့သို့ ဖြစ်နေခြင်း။

၂။ ဗီမိခန္ဓာကိုယ်ကို မတွေ့ရ မသိရတော့ခြင်း။

၃။ နာမ်သာရှိ၍ ရုပ်မရှိသော ဗြဟ္မာ့ဘုံ၌ နာမ်ကလေးသက် သက် တည်နေသကဲ့သို့ ဖြစ်ခြင်း။

၄။ မျောင်အတိုပြီးသော ကောင်းကင်ပြင်၌ နာမ်သက်သက် ဖြင့် တည့်ငြိမ်နေသကဲ့သို့ ဖြစ်ခြင်း။

၅။ ချမ်းသာစွာ ဖြစ်၍နေခြင်း။

၆။ အာဇုံငါးပါး မခံစားဘဲနေခြင်း၊ သို့သော် အေးကြည် ချမ်းမြေ့လွှစွာဖြစ်၍ နေသည်ကိုကား သိလျက်ပင် နေသည်၊ မနောမွာရုံကား မချုပ်ဘဲနေ၏။

၇။ ဇောဂတာကဲ့သို့ ဖြစ်၍နေ၏။

၈။ ဟိုတွေး ဒီကြံ မရှိ ငြိမ်သက်သော စိတ်ဖြစ်နေ၏။ မနော သမ္ဖဿဇာ ဥပေက္ခာဝေဒနာမျိုး ဖြစ်သည်။

ထိုတရားကို ဝိမောက္ခမုခ ဟူ၍လည်း ခေါ်သည်၊ မဂ်ဖိုလ်ကို သွားလိုက သွားနိုင်သည် ဒိုးလှုပြု၊ ဝိပဿနာကို ရှုရာတွင် ရုပ်နာမ်ဖြစ်ပျက်ကို ရှုသော ဉဒယဗ္ဗယဉာဏ်တွင် လွန်စွာရှု၍ သမာဓိ ကောင်းလှသောအခါ ဝေ့ဝဲရသည်၊ ထိုတရားသို့ရောက်သောအခါ မဂ် ဖိုလ်ကဲ့သို့ဖြစ်၍ ယုံမှားဖြစ်တတ်သည်၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဉာဏ် လိုလေသည်၊ ဝိပဿနာတွင်လည်း အာထက်ပါ အင်္ဂါများအတိုင်း ဖြစ်သည်၊ နံပါတ် ၁-တွင်ဖယ်၍ ရုပ်နာမ် သဒိ္ဓါရုတို့၏ ဖြစ်ပျက်ကို မတွေ့ရခြင်းဟု ဖြင်ယူပါလေ၊ အင်္ဂါ၇ပါးပင် ဖြစ်၏။

ထိုဘရားကို အနိမိတ္တာသမာဓိ အပဏိဟိတသမာဓိ၊ သုညတသမာဓိသို့ ရောက်မှ ဝေ့ဝဲရတတ်သည်။ ။ဝေဒယိတ သုခမျိုးဖြစ်၍ ဝိပဿနာ အန္တရာယ် ၁၀ ပါးဌ အာကျုံးဝင်၏၊ နှစ်သက်နေက မကျော်နိုင်၊ ပျင်းမနုံးငြီးငွေ့ခါ ကျော်အောင် အားထုတ်ရာသည်။

ယောဂိပုဂ္ဂိုလ်သည် စျာန်အာဘိညာဉ်သို့ တက်လိုက တက်ပါ၊ မဂ် ဖိုလ်သို့ သွားလိုက သွားပါ၊ လွန်စွာ သတိထားပါ။

၉။ ဝိပဿနာ ဂေါတြဘူ။

တံဉာဏ်၊ ထိုဂေါတြဘူဉာဏ်သည်၊ ကထံဟောဘိ၊ အဘယ်သို့ဖြစ်သနည်း။

၁။ ဥပ္ပါဒံ၊ ခန္ဓာနာမ်ရုပ်တို့၏ ဖြစ်ခြင်းကိုဂုဏ်း။

၂။ ပဝတ္တံ၊ ရုပ်နာမ်သဒိ္ဓါရုတို့၏ အဆဉ်မပြတ် ဒိလစပ် ဖြစ်ခြင်းကိုဂုဏ်း။

.... ။ပ။.....

၃။ ဥပါဒါနဒဿံ၊ ပင်ပန်းခြင်းကိုဂုဏ်း။

၄။ ဗဟိဒ္ဓသဒိ္ဓါရုနိမိတ္တံ၊အပဏိဟိသဒိ္ဓါရု အမှတ်နိဒါတ် ဒိမိကိုယ်ဟု ထင်ခြင်းကိုဂုဏ်း။ အာဘိဘူယိတွာ၊ လွန်မြောက်၏။ ဇာတိ၊ ထို့ကြောင့်။ဂေါတြဘူ၊ ဂေါတြဘူမည်၏။

၁၁၄ အာရိယာဒိဋ္ဌာ ပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

၁။ အာနုပ္ပါဒံ၊ ခန္ဓာနာမ်ရုပ်တို့၏ မဖြစ်ဘဲ ချုပ်သော နိဗ္ဗာန် သို့ဝင်း။

၂။ အပဝတ္တနိဏောဓံ၊ နာမ်ရုပ်တို့၏ အစဉ်ကင်းပြတ် မစပ် ဘဲချုပ်သော နိဗ္ဗာန်သို့ဝင်း။

၃။ အနုပါယာသံ နိဏောဓံ၊ မပင်မပန်းဘဲ ချုပ်သော နိဗ္ဗာန် သို့ဝင်း၊ ပက္ခန္ဒဘိ၊ ပြေးဝင်၏။ဤတိ၊ ထို့ကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူ မည်၏။

ဂေါတြဘူသည် သမုဒယကို အကြွင်းမဲ့ မပြတ်သေးသော ကြောင့် ပဝတ္တုဝုဋ္ဌာနကား မဖြစ်၊ နိဗ္ဗာန်ကို အာရုံပြုသော ကြောင့်ကား နိဗ္ဗတ္တုဝုဋ္ဌာနကား ဖြစ်၏၊ ထို့ကြောင့် ဇကတော ဝုဋ္ဌာနခေါ်သည်၊ မနောဒ္ဒါရာဝဇ္ဇနိုးနောင် ပရိကံ ဥပစာ အနုလုံ ဟူသော ဝိပဿနာဇော သုံးကြိမ် ဝုဋ္ဌာနဂါမိနိသဘော ဖြစ်သည်၊ ပထုဇဉ်အာနွယ်ဖြတ်၍ အာရိယာအာနွယ် ပွားလေသည်။

၁၀။ အပ္ပနာ ဝိပဿနာဇောကျမ်း။

အပ္ပနာသည် မဂ်အပ္ပနာ ဖိုလ်အပ္ပနာ ဟူ၍ဖြစ်သည်။

၁။ ပရမတ်ကိုသာ အာရုံပြုသည်၊ အာဆင်တ ပရမတ်ကို သာ အာရုံပြုသည်။

၂။ လောကုတ္တရာစိတ်ဖြစ်သည်။

၃။ လောကီသင်္ခါရကို သိတတ်တဲ့ လောကီစိတ် မနော ဝိညာဏ်လည်း မဖြစ်တော့။

၄။ နိဗ္ဗာန်ကိုသာ အာရုံပြုသည် သန္တိသုခ သဘောဖြစ် သည်။

အပ္ပနာဇဝနံ၊ အပ္ပနာဇောဟု ဆင့်ခေါ်သည်။ အာရိယာပထံ၊ ဣရိ ယာပထ်ကို။ သန္နာမေတိ၊ ခိုင်မာစေ၏၊ ။(အကြင် ပုဂ္ဂိုလ်၏ အာရိယာပထ်သည် မြောက်သောလက်ဖြင့် အာရုံပြုသော် ပြုသည့်

အာတိုင်း တည်မြဲနေလေသည်။ ရှေဆင်းတ ငွေဆင်းတ ကဲ့သို့ တည်လေ၏။

၁၁။ သမထ ဝိပဿနာ တက်ဟန်။

သမထတွင် ဥပစာရသမာဓိ ပဠမဗျာန် စသည်ကို ရပြီးသော ယောဂိပုဂ္ဂိုလ်သည် ဝိမောက္ခမုခ ဂေါတြဘူ အပ္ပနာ ဗျာန်များမှ ထည်း ခွဲနိုင်၏။

အာနာပါန ကမ္မဋ္ဌာန်းတွင် (မိမိအားထုတ်သော ကမ္မဋ္ဌာန်း ကိုယူ)။

၁။ ထွက်သက် ဝင်သက် လေသည် စိတ်ကိုစွဲ၍ ဖြစ်၏၊

၂။ စိတ်သည် ကရဇ ကာယရုပ်ကို မှီ၍ဖြစ်၏။

(ကရဇ ကာယသည် ရုပ်။ ။စိတ်သည် နာမ်)။

ထိုရုပ်နာမ် ၂-ပါးတို့၏ဖြစ်ပျက် ဥဒယဗ္ဗယဉာဏ်မှစ၍ ဂုဏ်လျင် ဉာဏ်အစဉ်ရင့်တက်၍ အာနုလောမဉာဏ် ၉-တန်ဖြစ်၏၊ ထို့ နောင် သောတာပတ္တိမဂ် ၁-ကြိမ် ဖိုလ် ၂-ကြိမ်စောခါ ဖိုလ်ဇော တွေ့ ကျလေတော့၏။ဗျာနသောဘိ ရဟန္တာဖြစ်လေတော့သည်။

၁၂။ ဗျာန်မှ အာဘိညာဉ် တက်ခဏ်း။

အာဘိ ဝိသေသတော ဇာနာတိတိ အာဘိညာ။

ယာပညာ၊ အကြင် ပညာသည်။ အာဘိ ဝိသေသတော၊ အလောက်ပညာမှ ထူးသောအား‌ဖြင့်။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ကြောင့်။ သာပညာ၊ ထိုပညာသည်။ အဘိညာ၊ အာဘိညာဉ် မည်၏။

ရူပကုသိုလ်, ကြိယာ, ပဠမဗျာန် ၂-ပါးကို အာဘိညာဉ်ဖွေး ခေါ်သည်။ ပဌမဗျာန်ရဂုံဖြင့် အာဘိညာဉ်မရသေး။ ပဠမဗျာန်ကို ရပြီးနောက် ထို ပဠမဗျာန်၌ရှိသော ဥပေက္ခာ, ဇောဂတာ တို့

၁၁၆ အဂရိယာဒိဋ္ဌာပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

ကို ပစ္စဝေက္ခဏာဘတင်၍ သုံးသင်မှသာလျှင် (ဒိဋ္ဌစက္ခု စသော အာဘိညာဉ်-ပါး)။ အာဘိညာဉ် ၇-ပါးတို့ကို ဖြစ်စေနိုင်ကုန်၏ ပဌမစျာန်ရမှ အာဘိညာဉ် တက်ယူ အားထုတ် ယူရသည့် အာဘိညာဉ်ဟူသည် ပဌမစျာန်၏ သတ္တိပင် ဖြစ်သည်၊ အာဘိညာဉ်ကို မဝင်စားက တန်ခိုးဗန်ဆင်းခြင်းငှါ မတတ်နိုင်ကုန်။ အာဘိညာဉ်ကို နှတ်သော်လည်း မယုတ်လျော့၊ ထည့်သော်လည်း မတိုးတက်ပေး။

ကမ္မဋ္ဌာန ပရိဏ္ဍေဒဒ္ဒီ အာဘိညာဉ် ငါးပါး ခုနစ်ပါး အာဘယ်သို့ သင့်သနည်းဟူမူ၊ ဒိဋ္ဌစက္ခု အာဘိညာဉ်ဦ အနာဂတံသ အာဘိညာဉ် ယထာကမ္မုပဂ အာဘိညာဉ် ၂-ပါးတို့ကို ဆင်ြိုဟ်ရေတွက်ပါလေ။ ။အခြားသော အရောတို့ဦလည်း ရတုပပါတဉာဏ်သည် ဒိဋ္ဌစက္ခုပင်၊ မနောမယိဒ္ဓိ ဉာဏ်သည်လည်း ဇာန်ဒို ဝိဇ္ဇာဏ်ပင် မှတ်အပ်၏၊ လောကီ အာဘိညာဉ် ၅-ပါး၊ ၇-ပါးကို ယူပါလေ။ လောကုတ္တရာ အာဘိညာဉ်ဦကား အာသဝက္ခယ အာဘိညာဉ်ကို ထည့်၍ ၆-ပါး ယူပါလေ။ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာ ရှစ်ပါး စရဏ တဆဲ့ငါးပါးတို့နှင့် စပ်လျက် ဂို့လေသည်၊ ရအောင် အားထုတ်ကြပါ၊သူတော်ကောင်းတို့။

၁၃။ ဈာန်က နိဝရဏကို ခွါခြင်း။

နိဝရဏာတရားတို့ကို ခွါသောကြောင့်ဌင်း၊ ကသိုဏ်း အစရှိသော ပဋိဘာဂနိမိတ်ကို ရှုတတ် ကြည့်တတ်သောကြောင့်ဌင်း ဈာန်မည်၏။

၁။ ဝိတက်ဈာန်သည် ထိန မိဒ္ဓ နိဝရဏကိုပယ်၏။

၂။ ဝိစာရဈာန်သည် ဝိစိကိစ္ဆာ နိဝရဏကို ပယ်၏။

၃။ ပီတိဈာန်သည် ဗျာပါဒ နိဝရဏရကို ပယ်၏။

၄။ သုခဈာန်သည် ဥဒ္ဓစ္စ ကုက္ကုစ္စ နိဝရဏကို ပယ်၏။

၅။ ဇကေဋတာစျာန်သည် ကာမဆွဲဆွ နိဝရဏာကို ပယ်၏။ အာဝိဇ္ဇာနိဝရဏာကိုကား ငါးပါးသော စျာန်တို့က ပယ်ကုန်၏။

၁။ ကာမကုသိုလ်ဖြင့် ကိလေသာကို တဒင်္ဂ် ပယ်၏။ တဒင်္ဂ်ဝိမုတ်။

၂။ ဒုစရိုကုသိုလ်ဖြင့် ဝိကွန္ဓနပယ်၏။ ဝိကွန္ဓနဝိမုတ်။

၃။ မဂ်လေးပါးဖြင့် သမုစ္ဆေဒပယ်၏။ သမုစ္ဆေဒဝိမုတ်။

၄။ ဖိုလ်လေးပါးဖြင့် ပဋိပဿဒ္ဓိနပယ်၏၊ ပဋိပဿဒ္ဓိနဝိမုတ်။

၅။ နိဿရဏဖြင့် နိဿရဏာပယ်၏၊ နိဿရဏာဝိမုတ်။
နိဝရဏာတရားများကို ပယ်ခွါရန် အရေးကြီးသည်၊ ကြိုးစား၍ အားထုတ်ကြပါ ပါရဓိရှင်တို့။

၁၄။ မေတ္တာ၏ အကျိုး။

မေတ္တာပွားများသူ၌ ရန်ကျိုးကား၊ အိပ်နိုးချမ်းသာ၊ ယုတ်မာမမက်၊ နှစ်သက်လူနှတ်၊ စောင့်မှတ်နှတ်များ၊ ဆိပ်ကားမနှံ့၊ စိတ်ပျံ့တည်ကြည်၊ လွှသည်မျက်နှာ၊ သေခါမတွေ့၊ ဖြစ်လေ ဗြဟ္မာ၊ ဆဲဘခါစည်၊ အာနိသင်ကို လျင်လျင်အမြဲ ရဖို့မှတ်။

မေတ္တာစျာန်ကို ကြိုးစား၍ မပျက်အားထုတ်ပွားကြပါ၊ အလွန်အာရာ ရောက်လှသည်။

၁၅။ ဝိသုဒ္ဓိ ၇-ပါး။

၁။ သီလဝိသုဒ္ဓိ၊ သမထ ဝိပဿနာကို အားထုတ်ချဉ်း လေးဖြာသော သိလကြီး၏ စင်ကြယ်ခြင်းဂုဏ်။

၁၁၈ အာရိယာဝိဇ္ဇာ ပဒိုပါတ် ဓာတ်တက်စဉ်ကျမ်း။

၂ စိတ္တဝိသုဒ္ဓိစ၊ တရုတည်းသော ကမ္မဋ္ဌာန်းကိုသာ အမြဲ အစွဲ
အာထုတ်သဖြင့် ဥပစာရဈာန်ဝင် အာပုနာ
ဈာန်စိတ်၏ စင်ကြယ်ခြင်းငင်း။

၃။ ဒိဋ္ဌိဝိသုဒ္ဓိစ၊ ရုပ်နာမ်နှစ်ပါးသာ ဘုံသုံးပါးဌ ဂိုဏသည် ဟု
ဇကန်အမှန်သိခြင်သော နာမရုပ ပရိစ္ဆေဒ
ဉာဏ်၏ စင်ကြယ်ခြင်းငင်း။

၄။ ကင်္ခါဝိတရဏဝိသုဒ္ဓိစ၊ ဘုံသုံးပါးဌ ရုပ်နာမ်နှစ်ပါး ဖြစ်
ကြောင်းတရားကို သိမ်းဆည်း၍ သိဖြင်သဖြင့်
လူနတ်ဗြဟ္မာ စသည်ကြောင့် ဖြစ်သည် ယုံ
မှားခြင်း ဝိစိကိစ္ဆာကို လွန်မြောက်နိုင်သော
ပစ္စယပရိဂ္ဂဟဉာဏ်၏ စင်ကြယ်ခြင်းငင်း။

၅။ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိစ၊ ဘုံသုံးပါးဌ ရုပ်နာမ်နှစ်ပါး
ဖြစ်ခြင်း ပျက်ခြင်းကို သုံးသပ်ဆင်ခြင်၍ ဖြစ်
ခြင်း ပျက်ခြင်းကို ထင်ဖြင် သောကြောင့်
သြဘာသစသည် ဝိတ်ဖြစ်ခြင်းသည် ဝိပဿ
နာ၏ ညစ်ညူးကြောင်း ဘေးရန်တည်း ဟု
သိမ်းဆည်း ဆင်ခြင်သောအားဖြင့် မဂ်ဟုတ်
သည် မဟုတ်သည်ကို ဇကန်အမှန် သိသော
သမ္မသနဉာဏ် အမြင်၏ စင်ကြယ်ခြင်းငင်း။

၆။ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိစ၊ ဥဒယဗ္ဗယဉာဏ်မှစ၍ အနု
လောမဉာဏ်တိုင်အောင် အားထုတ်၍ နိဗ္ဗာန်
ရောက်ကြောင်း အကျင့်ကောင်းကို ဇကန်
အမှန်သိခြင်သော ဉာဏ်အမြင်၏ စင်ကြယ်
ခြင်းငင်း။

၇။ ဉာဏဒဿနဝိသုဒ္ဓိစ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း
ကို အားထုတ်၍ နိဗ္ဗာန်ကိုဇကန်အမှန်သိသော
မဂ်ဉာဏ်အမြင်၏ စင်ကြယ်ခြင်းငင်း။

ဇာတိ၊ ဤသည်ကား။ သတ္တဝိဓေနု၊ ခုနစ်ပါး အပြားအားဖြင့်။ ဝိသုဒ္ဓိဿင်္ဂေါဘာ၊ ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်ချမ်းသာကြီး သို့ ရောက်ကြောင်းတရားကို ရေတွက်၍ ပြခြင်းတည်း။

၍ ဝိသုဒ္ဓိ ၇-ပါးအာတိုင်း ပြည့်စုံစွာ အားထုတ်ကြ သူတော် ကောင်းတို့။

၁၆။ ဝိပဿနာဉာဏ် ၁၆-ပါး။

၁။ နာမရူပ ပရိစ္ဆေဒဉာဏ်၌၊ ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးကို ဖိုင်းခြားခြင်း သိသောဉာဏ်ပင်း။

၂။ ပစ္စယပရိဂ္ဂဟဉာဏ်၌၊ ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါး၏ ဖြစ်ကြောင်း တရားကို သိမ်းဆည်းသော ဉာဏ်ပင်း။

၃။ သမ္မသနဉာဏ်၌- ဘုံသုံးပါး၌ ရုပ်နာမ် နှစ်ပါးကို အနိစ္စ ဒုက္ခ အနတ္တဟု သုံးသပ်သော ဉာဏ်ပင်း။

၄။ ဥဒယဗ္ဗယဉာဏ်၌၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်းကို ထင်မြင်သော ဉာဏ်ပင်း။

၅။ ဘင်္ဂဉာဏ်၌၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်ခြင်းကို ထင်မြင်သော ဉာဏ်ပင်း၊

၆။ ဘယဉာဏ်၌၊ ဘုံသုံးပါး၌ နာမ်ရုပ်နှစ်ပါး ပျက်စီးခြင်းကို ဘေးကြီးဟု ထင်မြင်သော ဉာဏ်ပင်း။

၇။ အာဒီနဝဉာဏ်၌၊ ဘုံသုံးပါး၌ ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို အပြစ်ကြီးဟု ထင်မြင်သော ဉာဏ်ပင်း။

၈။ နိဗ္ဗိဒဉာဏ်၌၊ ဘုံသုံးပါး၌ နာမ်ရုပ် နှစ်ပါး ပျက်စီးခြင်းကို စက်ဆုပ် နှံ့ရှာ ငြီးငွေ့ဘွယ်ဟု ထင်မြင်သောဉာဏ်ပင်း။

၁၂၀ အာရိယာဝိဇ္ဇာ ပဒီပါတ် ဓာတ်တက်စဉ်ကျမ်း။

၉။ မုဋ္ဌိတုကမျတာဉာဏာဒ္ဓ၊ ဘုံသုံးပါးဒွ် ရုပ်နာမ် နှစ်ပါး ပျက်စီးခြင်းမှ လွတ်ရာနိဗ္ဗာန်သို့ ကိုင်းရှိုင်း သောဉာဏ်ဌင်း။

၁၀။ ပဋိသင်္ခါဉာဏာဒ္ဓ၊ ဘုံသုံးပါးဒွ် ရုပ်နာမ်နှစ်ပါး ဖြစ်ခြင်း ပျက်ခြင်း စသည်ကို တဖန်သိမ်းဆည်း ပြန် သောဉာဏ်ဌင်း။

၁၁။ သင်္ခါရုပေက္ခာဉာဏာဒ္ဓ၊ ဘုံသုံးပါးမှ လွတ်အောင် ရုပ်နာမ် နှစ်ပါး၏ ဖြစ်ခြင်း ပျက်ခြင်းကို ချစ်ခြင်း မုန်းခြင်းမရှိ လျစ်လျူ။ ရှုသော ဉာဏ်ဌင်း။

၁၂။ အနုလောမဉာဏာဒ္ဓ၊ ရှေးဉာဏ် နောက်ဉာဏ်အား လျော် သောဉာဏ်ဌင်း။

၁၃။ ဂေါတြဘူဉာဏာဒ္ဓ၊ ပုထုဇဉန် အနွယ်ကို ဖြတ်၍ အရိယာ အနွယ်ကို ပွားစေသော ဉာဏ်ဌင်း။

၁၄။ မဂ္ဂဉာဏာဒ္ဓ၊ နိဗ္ဗာန်ကို သိမြင်သော မဂ်ဉာဏ်ဌင်း။

၁၅။ ဖလဉာဏာဒ္ဓ၊ နိဗ္ဗာန်ကို သိမြင်သော ဖိုလ်ဉာဏ်ဌင်း။

၁၆။ ပစ္စဝေက္ခဏာဉာဏာဒ္ဓ၊ မဂ်, ဖိုလ်, နိဗ္ဗာန်, ပယ်ပြီး ကိလေသာ၊ မပယ်သေးသော ကိလေသာ တရား ငါးပါးတို့ကို ဆင်ခြင်သော ဉာဏ်ဌင်း။

ဇာတိ၊ ဤသည်တို့ကား။ သောဠသ၊ တဆဲ့ခြောက်ပါးကုန်သော။ ဉာဏာဒိနဝမ၊ နိဗ္ဗာန်ရောက်ကြောင်း ဉာဏ်တို့မည်ကုန်၏။

ထိုဉာဏ် ၁၆-ပါးတို့တွင်လည်း လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန် ၄-ပါး ခွဲခြားနည်း တို့ကို သိအောင်ပြု၍ ဝိပဿနာ တရားမြတ်ကြီးကို အခါအခွင့်ကြုံရိုက် ရုပ်နာမ်ခန္ဓာ သိမြင်၍ သက္ကာယဒိဋ္ဌိ တရားတို့ကို ဖယ်ရှားကြ အားထုတ်ကြ ယောဂီသူမြတ်တို့။

၁၇။ ဝိသုဒ္ဓိနှင့် ညာဏ်ယှဉ်ပုဒ်ပါန်။

၁။ သီလဝိသုဒ္ဓိ၊ ငါးပါး ရှစ်ပါး ၁၀-ပါး သိသဘ်ရိုကို စတု ပါရိသုဒ္ဓိ သီလနှင့် ပြည့်စုံလျှင် အာဒိသီလ သိက္ခာ သီသဝိသုဒ္ဓိဖြစ်ပြီ။

၂။ စိတ္တဝိသုဒ္ဓိ၊ ဥပစာရသမာဓိ အပ္ပနာသမာဓိနှင့် ပြည့်စုံ လျှင် အဓိစိတ္တသိက္ခာဖြစ်ပြီ။

၃။ ဒိဋ္ဌိဝိသုဒ္ဓိ၊ နာမရူပ ပရိစ္ဆေဒ ညာဏ်နှင့် ပြည့်စုံလျှင် ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ပြီ။

၄။ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ ပစ္စယပရိဂ္ဂဟ ညာဏ်ထင်လျှင် ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိဖြစ်ပြီ။

၅။ မဂ္ဂါမဂ္ဂညာဏဒဿန ဝိသုဒ္ဓိ၊ သမ္မသနညာဏ်နှင့် ပြည့်စုံ ခြင်း။

၆။ ပဋိပဒါညာဏဒဿနဝိသုဒ္ဓိ ၁။ ဥဒယဗ္ဗယညာဏ်။

၂။ ဘင်္ဂညာဏ်။

၃။ ဘယညာဏ်။

၄။ အာဒီနဝညာဏ်။

၅။ နိဗ္ဗိန္ဒညာဏ်။

၆။ မုဉ္စိတုကမျတာညာဏ်။

၇။ ပဋိသင်္ခါညာဏ်။

၈။ သင်္ခါရုပေက္ခာညာဏ်။

၉။ အာနုလောမညာဏ် ၉-ပါး ဖြစ်ပြီ၊

၇။ ညာဏဒဿနဝိသုဒ္ဓိ၊ မဂ်ညာဏ် ဖိုလ်ညာဏ် သိမြင်ရခြင်း။

ဂေါတြဘူညာဏ်မှာ ပဋိပဒါ ညာဏဒဿနဝိသုဒ္ဓိ ညာဏဒဿန ဝိသုဒ္ဓိ ၂-ပါးမှ လွတ်ထည်းလွတ်သည်၊ အာကျုံးလည်းဝင်သည်။ ပစ္စဝေက္ခဏာညာဏ်မှာလည်း ဝိသုဒ္ဓိနှင့်မယှဉ်၊ သေချာ သဘောပေါက်အောင် အားထုတ် ဆည်းပူးကြပါ သူတော်ကောင်းတို့။

၁၈။ မင္ဂဗီထိကျဟန်နှင့် ဗလဗီထိကျဟန်။

ပဝတ္တံ၊ ခန္ဓဲ့ဝနာမ်ရုပ်တို့၏ အာစဉ်မပြတ် မရပ်မနားဖြစ်နေခြင်းကို။ အာဘိဘူယိတ္တာ၊ လွန်မြောက်၍။ အပဝတ္တံ၊ ရုပ်နာမ်ခန္ဓာတို့၏ မဖြစ်သော နိဗ္ဗာန်သို့။ ပက္ခန္ဒဘိ၊ ငြိုးဝင်၏။

သခ်ါရာ၊ ရုပ်နာမ် သင်္ခါရတရားတို့သည်။ ပဝတ္တံ၊ အာစဉ် မပြတ် မရပ်မနားဖြစ်ခြင်းတည်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အပဝတ္တံ၊ ရုပ်နာမ် သင်္ခါရတို့၏ မဖြစ်ခြင်းတည်း။

ယောဂိပုဂ္ဂိုလ်သည် ဂေါတြဘူဉာဏ် ဖြစ်ပြီးနောက် ဘဝင်မှ ထပြီးလျှင် သင်္ခါရကို အာဂုံပြု၍ အာဝဇ္ဇန်း, ပရိကံ, ဥပစာ, ဟု ဖြစ်၍ချုပ်၏။ ထိုနောင် နိဗ္ဗာန်ကို အာဂုံပြု၍ အနုလုံ, အနုလုံ,ဖိုလ် ဖိုလ်,ဟု ဖိုလ်စောတွေ စိတ်ထက်သန်သလောက် ပုဂ္ဂိုလ်အလိုရှိသလောက် များစွာ ဖြစ်၍နေ၏။ ဤသို့ ဖိုလ်စောတွေ ကျ၍နေသောအခါ အိုင်ပျော်၍ နေသော သူကဲ့သို့ ထိုပုဂ္ဂိုလ်သည် ဘာကိုမျှမသိတော့ပြီ၊ အမှတ်မရတော့ပြီ၊ ထိုအခါ အလွန်တရာ ကိုယ်စိတ် အေးငြိမ်း ချမ်းသာခြင်း ဖြစ်၏။ ဖလ သမာပတ် ဝင်စားနေသည်မည်၏။ နိဗ္ဗုတိ ဘုဥ္ဇမာနာ၊ ဖိုလ်စိတ်ဖြင့်နိဗ္ဗာန် ချမ်းသာကို ခံစားခြင်နေသည်၏။ နိဗ္ဗာနသစ္ဆိကိရိယာ၊ ဖိုလ်စိတ် ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု၍ နေသည်။ မြင်၍နေသည်မည်၏။ အာရိယာပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို အခါခပ်သိမ်း မြင်၍မနေပါ။ ဤကဲ့သို့ ဖလသမာပတ် ဝင်စားမှ မြင်လေသည်၊ မဂ်စိတ်,ဖိုလ်စိတ် ဖြစ်ဆဲဌာန မြင်လေသည်၊ အာဂုံပြု၍ မနေသော အခါ မှာကား သင်္ခါရတွေကို အာဂုံပြုတဲ့ အမျိုးမျိုးသော စိတ်တွေ ဖြစ်ကြလေသည်။ အကုသိုလ်စိတ် မကင်းသော အာရိယာများလည်း အကုသိုလ်စိတ်တွေ ဖြစ်တဲ့အခါလဲ ဖြစ်ကြသေးသည် ပင်တည်း။

ထိုကဲ့သို့ ဖဿဆမာပတ် ဝင်စားရာမှထလိုသော် အချိန်ကာလ တန်သော် ရှေးဦးစွာ ဘဝင်စိတ်ဖြစ်၏၊ ဘဝင်ကျ၏၊ ဘဝင်ကျပြီး ထိုက်သည့်အာဒေါလျဝါစွာ သခ်ါရကိုအာရုံပြုသော ပဉ္စဒွါရာဝဇ္ဇန်း စသည်ဖြစ်၍ နဂိုရပြကတော့ဝိတ်တွေ ဖြစ်လျက် ဖိုလ်ဖောမှထ၏။ ထိုအခါကား အိပ်ပျော်ယောကျ်ားး နိုးသော်လား ကဲ့သို့ နိုးလာပြီးလျှင် အင်း.....အိပ်ပျော်နေတုံးက ချမ်းသာလိုက်ထာ အေးလိုက်ထာ ငြိမ်းလိုက်ထာ ဟု သိသကဲ့သို့ပင်တည်း။

ဤကား စကားရိုးရိုးဖြင့် သဘောလိုရင်းကို ရေးထားခြင်း ဖြစ်ပါသည်။ စာတွင်မူ မဂ္ဂဝိထိဖြင့် အသိးအသိး နိဗ္ဗာန်ကို သိမြင်ပြီး၍ ဖိုလ်ထေးပါးခဲ့ တည်ကြသော ဖဿဋ္ဌာန် အရိယာ ပုဂ္ဂိုလ်လေးဦးတို့ဆည် နိဗ္ဗာန်ကဲ့ မျက်မှောက်ပြုလိုသော အခါ ဓာတ်ခြောက်ပါး ရုပ်နာမ် သခ်ါရဘရားတို့ကို အနိစ္စ ဒုက္ခ အနတ္တဟု အဖန်ဖန် ဝိပဿနာဘင် ရှုလိုက်သောအခါ အလွဲ အကျင့်မပြတ်ဘဲ ဝသီဘော်နိုင်၍နေလျှင်-

၁။ နိဗ္ဗာန်ကို အာရုံပြုလိုသော ကာလကို ပိုင်းခြား၍ စိတ် ရည်မှတ် အဓိဋ္ဌာန်။

၂။ အာနန္တရယ်ဂိုက သိရပါလိုဖြစ် ဟု စိတ်ရည်မှန်း အဓိဋ္ဌာန် ပြု။

၃။ ဒိဗ္ဗိကြွက်ရာ ဇုရိယာပုထိုဖြင့် နေကာ၊

၄။ သံဃကိစ္စများဂိုက တောင့်တတိုင်း ထနိုင်ရန် အဓိဋ္ဌာန် ခါ။

ဥဒယဗ္ဗယညာဏ်မှစ၍ ဖြစ်ပျက်တွေ့မည်၊ တွေ့ပြီး အနိစ္စသော်ငင်း၊ ဒုက္ခသော်ငင်း၊ အနတ္တသော်ငင်း၊ ပို၍ထင်လာသည့် အတိုင်း အာရုံပြု၍သွား၊ ဖြစ်ပျက်သခ်ါရမှ မဖြစ် နိဗ္ဗာန်သို့ ဝသီဘော် အတိုင်း ရောက်သွားမည်၊ မဖြစ်နိဗ္ဗာန်သို့ ရှုမိရက်သားဖြစ်သွား

မည်၊ ထိုအာခါ ငြိန်သက်တည်ကြည်၏။ ကြည်လင်သောချင်ဖြစ်၍နေ၏။ ဤရိယာပုထိုခိုင်မာ၏။ မင် အပ္ပနာ ဖိုလ် အပ္ပနာကား ဤရိယာပုထိ ခိုင်မြစ်ပါ၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ လောကော၊ လောကဒ္ဒါ၊ ဤဌာ၊ အလို ရှိအပ်ကုန်သော။ ကန္တာ၊ နှစ်သက်အပ်ကုန်သော။ ကေဝလာ၊ အကြွင်းအကျန်မရှိ အလုံးစုံကုန်သော။ ဂူပါစ၊ ဂူပါဂုံတို့သည်၎င်း။ သဒ္ဒါစ၊ သဒ္ဒါဂုံတို့ သည်၎င်း။ ဂန္ဓာစ၊ ဂန္ဓာဂုံတို့ သည်၎င်း။ ရသာစ၊ ရသာဂုံတို့ သည်၎င်း။ ဖဿာစ၊ ဖေါဋ္ဌဗ္ဗာဂုံတို့ သည်၎င်း။ ဓမ္မာစ၊နိဗ္ဗာန်ဖြင့်ကြွင်းသော ဓမ္မာဂုံတို့သည်၎င်း။ ယာဝတာ၊ အကြင်မျှလောက်။ အာယတိ၊ ရှိ၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သဒ္ဒေဝကဿ၊ နတ်ပြိဟ္မာနှင့် တကွသော။ လောကဿ၊ လူအပေါင်းသည်။ ဇေတော၊ ထို အာဂုံခြောက်ပါး ဒုက္ခတရားတို့ကို။ သုခသမ္မတာ၊ ချမ်းသာသုခတွေဟု သမုတ်အပ်ကုန်၏။ ယတ္ထစ၊ အကြင်နိဗ္ဗာန်ကြီးဌကား။ ဇေတော၊ ထိုအာဂုံခြောက်ပါး ဒုက္ခတရားတို့သည်။ နိဂုဏ္ဍာနိ၊အကြွင်းမဲ့ညဿံ အကုန်ချုံဆုံးကြကုန်၏။ တံ၊ ထိုအာဂုံ ခြောက်ပါး ဒုက္ခတရားတို့၏ ချုံဆုံးရာ နိဗ္ဗာန်သုခကြီးကို။ နေသံ၊ ထိုပညာနည်းရှာ ငြိဟ္မာနတ်လူ တို့သည်။ ဒုက္ခသမ္မတံ၊ ဘာမျှမသိရ မခံစားရ သက်သက်ကြောက်စရာကြီး ဒုက္ခတည်းဟု သမုတ်အပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သက္ကာယသ၊ အာဂုံခြောက်ပါး သက္ကာယတရားကြီး၏။ ဥပရောဓံ၊ ချုပ်ရာဌာန နိဗ္ဗာန်ကြီးကို။ အရိယောဘိ၊ ယောဂိ အရိယာပုဂ္ဂိုလ်တို့သည်။ သုခံ၊ အာဇုမှာ ချမ်းသာ အစစ်ကြီးတည်းဟု။ ဒိဋ္ဌံ၊ သိမြင်အပ်၏။

အရိယာ မဂ္ဂါ၊ အရိယာမဂ်တို့သည်။ စတ္တာရော၊ လေးပါးတို့ တည်း၊ သာမညဖလာနိစ၊ သာမညဖိုလ်တို့သည်လည်း။ စတ္တာရိ၊ လေးပါး တို့တည်း။ ဤမေဓွေ၊ ဤ မင်္ဂလေးပါး ဖိုလ်လေးပါး တရားတို့သည်။ အပ္ပမာဏာဝရမ္မဏာ၊ ပမာဏကို ပြုခြင်းငှါ မထိုက်သော နိဗ္ဗာန်လျှင် အာဂုံကုန်၏။

ဤကဲ့သို့ ဥဒါန်းပါဠိတော် ဝိသုဒ္ဓိမဂ် ပဋိသန္ဓိဒါမဂ်စသည်တို့၌ နိဗ္ဗာန်၏အထူးကိုဆိုကြကုန်၏။ ဗမာလိုစကားပြေဖြင့် ပြရပါမူ ဖိုလ်ဝင်စားသော ရဟန္တာဿသည့် ဖိုလ်ဝင်စားဆဲ ခဏာဒိနိဗ္ဗာန်ကို အာဂုံပြု၏။ အရဟတ္တဖိုလ်ကို အာဂုံမပြု၊ နိဗ္ဗာန်သည် ဒုဃဝိတတရားတည်း၊ အရဟတ္တဖိုလ်သည်ကား စိတ် စေတသိက် တရားဖြစ်သော သဝိတတရားတည်း။

အထူးမှာ ၁။ နိဗ္ဗာန်မှတပါးသော အာဂုံ ၄-ပါး ဒုက္ခတရားတို့မှ ဆိတ်၏။

၂။ ဖဿဝယဘန ၄-ပါးမှ ဆိတ်၏။

၃။ အာဂုံ ၄-ပါး ဒုက္ခတရားတို့ကို သိတတ်သော မနောဝိညာဏ် ချုပ်၏၊

၄။ ဒုဃဝိတ ပရမတ်ကိုသာ အာဂုံပြုသည်။

၅။ လောကီ သဝိါရကို သိတတ်တဲ့ လောက်စိတ် မနောဝိညာဏ်လည်း မဖြစ်တော့။

၆။ နိဗ္ဗာန်ကိုသာ အာဂုံပြု၍ သန္တိသုခအာစစ် ဖြစ်၏။

ထိုခဏာဒိ ကာလပညတ် အာကာသပညတ် စသော ပညတ်ဟူသမျှကိုလည်း၊ အရဟတ္တဖိုလ်သော ခန္ဓာဟူသော သဝိတ ပရမတ်တရာတို့ကိုလည်း၊ လွတ်၍၊ ဝါ၊ လွန်၍ ပဋိဝေဓညာဏ်ဖြင့် နိဗ္ဗာန်ကိုသာ အာဂုံပြုလေသည်၊ ဝိဇိခန္ဓာဂိုယ်ကို အာဂုံမပြုဘဲ နိဗ္ဗာန်ကိုသာ အာဂုံပြုခါ ဒုဿက်မဂ်သော ပွေရပ်တရ အရဟတ္တဖိုလ်ကဲ့သို့ အငြိမ်ကြီး ငြိမ်လေတော့၏။

မဂ်စိတ်လေးပါးသည် နိဗ္ဗိတ်ဟူသော အာဂုံမရှိသည်၏ အဖြစ်ကြောင့် နိဗ္ဗိတ္တဝုဋ္ဌာနလည်းမည်၏၊ သမုဒယကို အကြောင်းခဲ့ဖြတ်ခြင်းကြောင့် ပဓိတ္တဝုဋ္ဌာနလည်းမည်၏။ ထို ကြောင့် နှစ်မိတ်နှင့် ပဝတ္တမထသော ဥာဘတောဝုဋ္ဌာန မည်၏။

၁၂၄ အာရိယာဒိဋ္ဌာ ပဋိပါတ် ဓာတ်တက်စဉ်ကျမ်း။

ထိုသို့ ဖိုလ်ဝင်စား၊ရာတွင် ဝသိဘော် နှင်သော သူများမှာ အာလိုင်္ဂိသလောက် ကြာအောင်လျင်မြန်စွာ အဓိဋ္ဌာန်ပြု၍ ဝင်စား နှင်ဖျ၊ ဝင်စားတိုင်းရဖျ။ ဝသိဘော်မနှင်လျှင် ခဏခဏ အလွဲ အထ မပြုလျှင် ကမ္မဋ္ဌာန်းကို ချထား၊တာကြာလျှင် အာလိုင်္ဂိတိုင်း မရတော့ပေ၊ ရလိုလျှင်ထပ်၍ အလွဲအထ ဝသိဘော်ခရအောင် ပြုရဖျ။ ဤကဲ့သို့ဖိုလ်ဝင်စား၊မှာကိုမဆိုထား၊နှင့် အာရိယာပုဂ္ဂိုလ်များ ပင် ကမ္မဋ္ဌာန်းကိုအာား၊မထုတ်ဘဲ ပစ်ထား၊တာကြာလျှင် သမာဓိ မရှိ၍ ဖြစ်ပျက်သဘင်္ခါရကိုတောင်မှ မမြင်နိုင်ဘူး၊ဟု သံယုတ်ကျမ်း တွင် သာကိုဝင်တဦး၊အား ဘုရား၊သခင် ဟောတော်မူ၏။

သို့ဖြစ်၍ ဤမျှသာ အာကျဉ်း၊ဆုံး ရေးပြလိုက်သည်၊ သဘော မမိက ဆိုင်ရာကျမ်း၊များ၌ ကြည့်ပါလေ၊ သို့ဖြစ်၍ ပညာဆွင်ဝင် ပုဂ္ဂိုလ်များတို့သည် မမေ့မလျော့ အား၊တက်သွန်ခါ ကြိုး၊ပမ်း၊ကြ ပါလေ၊ ကြိုး၊စား၊က ရနိုင် ရောက်နိုင်သည်။

(က) မဂ်, ဖိုလ်, နိဗ္ဗာန်၊ ရနိုင်ရန်၊ ကျခ်း၊ဂန်သေချာ၏။

(ခ) ပစ္စက္ခမှာ၊ အရိယာ၊ အမှန်သေချာ၏။

(ဂ) ကိုယ်တိုင်သိရန်၊ကိုယ်တိုင်ကြုံ၊သည်း၊ခံကြိုး၊စား၊ကြည့်။

၁၉။ လောကုတ္တရာ အဘိညာဉ် ၆-ပါး။

၁။ ဣဒ္ဓိဝိဓ၊ အာမျိုး၊မျိုး၊သော တန်ခိုး၊အာဘိညာဉ်ကို ဖန်ဆင်း နိုင်ခြင်း။

၂။ ဒိဗ္ဗသောတ၊ နတ်ဖျ၊နား၊ကဲ့သို့ အဝေး၊မှ အသံကို ကြား၊စွမ်း နိုင်ခြင်း။

၃။ ပရစိတ္တဝိဇာနန၊ သူတပါး၊၏ စိတ်အကြံကို အောက်မေ့ ဆင်ခြင် သိနိုင်ခြင်း။

၄။ ပုဗ္ဗေနိဝါသာနုဿတိ၊ ရှေး၌ဖြစ်ဘူး၊သော ခန္ဓာအိမ်အာစဉ် အာဆက်ကို သိနိုင်ခြင်း။

၅။ ဒိဗ္ဗစက္ခု၊ နတ်မျက်စိကဲ့သို့ အဝေးဒွဋ္ဌာညဏ်ကို ဖြင့်စွမ်းနိုင်ခြင်း။

၆။ အာသဝက္ခယ၊ အာသဝေါတရားတို့၏ ကုန်ရာဖြစ်သော နိဗ္ဗာန်ကိုသိမြင်နိုင်ခြင်း။

အထက်ပါ ၆-ပါးသော အာဘိညာဉ်တွင် ဇာန်ဓိပါဒိန ၁၀-ပါး အားလျော်သော အာဘိညာဉ် တန်ခိုးတို့ဖြစ်သည်၊ ဗျာန်အာဘိညာဉ်ကိုလည်း၊ ပဒိုဆန္ဒိဒါမဂ်နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ရခြင်းကား အဟောဝတ သန္တိသုခ ဖြစ်၏။

၂၀။ ဝိဇ္ဇာသုံးပါး။

၁။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဝိဇ္ဇာ။

၂။ ဒိဗ္ဗစက္ခု၊ ဉာဏ်ဝိဇ္ဇာ။

၃။ အာသဝက္ခယ ဉာဏ်ဝိဇ္ဇာ။

ဤကား ဝိဇ္ဇာသုံးပါးတည်း။

ဝိဇ္ဇာဂျစ်ပါး။

၁။ မနောမယိဒ္ဓိ ဉာဏ်ဝိဇ္ဇာ။

၂။ ဇာဒ္ဓိဝိဓ ဉာဏ်ဝိဇ္ဇာ၊

၃။ ဒိဗ္ဗသောတ ဉာဏ်ဝိဇ္ဇာ။

၄။ ပရစိတ္တဝိဇာနန ဉာဏ်ဝိဇ္ဇာ။

၅။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဝိဇ္ဇာ၊

၆။ ဒိဗ္ဗစက္ခု၊ ဉာဏ်ဝိဇ္ဇာ။

၇။ အာသဝက္ခယ ဉာဏ်ဝိဇ္ဇာ၊

၈။ ဝိပဿနာ ဉာဏ်ဝိဇ္ဇာ။

ဤကား ဝိဇ္ဇာဂျစ်ပါးတည်း။

ဝိဇ္ဇာသုံးပါး ဝိဇ္ဇာဂျစ်ပါးတို့ကား ဒီဃာသဝ ပုဂ္ဂိုလ်များသာ ပြည့်စုံစွာ ရအပ် ရေတွက်အပ်၏။

